# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၉၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လျက်ရှိမှုနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H.E. Mr. Deng Xijun အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

### ရင်းရင်းနှီးနှီး ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတကာ မျက်နှာစာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိမှု၊ တရုတ်နိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ဆက်လက်ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H.E. Mr. Deng Xijun အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယနေ့ *ဖတ် စ ရာ*

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေး — ပြည်တွင်းသတင်း စာ ၃

လူငယ်နှင့် စာပေအနုပညာ — ဆောင်းပါး စာ ၂၀

မြန်မာ့အလင်း

# ပြည်တွင်းအားသည် နိုင်ငံ့အင်အား

၁၉ ရာစု အနောက်ကမ္ဘာတွင် အရင်းရှင်နယ်ချဲ့ဝါဒ အမြစ်တွယ်ကြီးထွားလာခြင်းနှင့်အတူ လောဘဇောတက်နေသည့် အရင်းရှင်နိုင်ငံများက ကမ္ဘာတစ်လွှားတွင် အပြိုင်အဆိုင် နယ်ချဲ့ခဲ့ကြသည်။ မြန်မာနိုင်ငံကိုလည်း စီးပွားရေး၊ စစ်ရေးအင်အားကြီးနိုင်ငံဖြစ်သည့် အင်္ဂလန်နိုင်ငံက ၁၈၂၄ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ နှစ်ပေါင်း ၆၀ ကျော် ကာလအတွင်း ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲကာ တစ်ပိုင်းပြီးတစ်ပိုင်း သိမ်းယူသွားခဲ့ခြင်းဖြစ်သည်။

နိုင်ငံလွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည့် သင်ခန်းစာများကို ရှာဖွေကြည့်မည်ဆိုပါက နိုင်ငံကို အုပ်ချုပ်နေသူများ ကမ္ဘာ့အခြေအနေကို မှန်ကန်စွာ မသိမြင်ခြင်း၊ နိုင်ငံအုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးတို့ကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်မထားနိုင်ခြင်းနှင့် စည်းလုံးညီညွတ်မှု ပြိုကွဲနေခြင်း စသောပြည်တွင်းအင်အားများ လျော့နည်းနေခဲ့မှုများကို တွေ့ရှိနိုင်သည်။ ကိုယ်ခံစွမ်းအားများ လျော့နည်းကျဆင်းနေပါက ရောဂါဘယများ ဝင်ရောက်စွဲကပ်လာသည့်နှယ်ပင် နိုင်ငံ၏ စွမ်းအားများ အားနည်းနေချိန်တွင် ပြည်ပမှ ရန်ရှာကျူးကျော်မှုကိုခံရပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးတို့ ဆုံးရှုံးကာ ကျွန်သပေါက်ဘဝသို့ ကျရောက်သွားခဲ့ရခြင်းဖြစ်သည်။

အခြားအာရှနိုင်ငံကြီးများဖြစ်သည့် အိန္ဒိယနှင့် တရုတ်တို့ကို နယ်ချဲ့တို့ကျူးကျော်ခဲ့ရာတွင်လည်း ထိုနည်းလည်းကောင်းပင် မြေရှင်ပဒေသရာဇ်စနစ်၏ အားနည်းချက်များကို အခွင့်ကောင်းယူကာ ခေတ်မီစစ်လက်နက်ပစ္စည်းများနှင့် စစ်ရေးအင်အားသာလွန်မှုတို့ဖြင့် အနိုင်ကျင့် ဗိုလ်ကျခဲ့ကြခြင်းဖြစ်သည်။ နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝတွင် နိုင်ငံ၏ သယံဇာတများမှရရှိသော အကျိုးအမြတ်များသည် နယ်ချဲ့အရင်းရှင်နိုင်ငံအတွက်သာဖြစ်ပြီး နယ်ချဲ့လက်အောက်ခံနိုင်ငံနှင့် ကျွန်နိုင်ငံသားတို့အတွက်မဟုတ်။ ၎င်းတို့ စီးပွားရေးအတွက် အကျိုးအမြတ်မဖြစ်ထွန်းနိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတို့အတွက် မည်သည့်ရင်းနှီးမြှုပ်နှံမှုမှ မပြုလုပ်။ မြန်မာလူမျိုးတို့ နှစ်ပေါင်းများစွာ တောင်းဆိုခဲ့သည့် ရန်ကုန်တက္ကသိုလ်ကို မဖြစ်မနေ တည်ဆောက်ပေးရသည့်အခါတွင် နိုင်ငံအနှံ့အပြား၌ အာဝါဒေးပွဲများကျင်းပပြီး လောင်းကစားဝိုင်းများမှ ရရှိသည့်အကောက်ငွေများ၊ အလှူငွေများဖြင့် တည်ဆောက်ပေးခဲ့ခြင်းက သာဓကတစ်ခုဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၅ နှစ် ကြာမြင့်ခဲ့ပြီဖြစ်ပြီး လွတ်လပ်ရေး အစွန်ရှည်တည်တံ့ခိုင်မြဲရန်နှင့် အချုပ်အခြာအာဏာဆုံးရှုံးမှုမရှိစေရန် ပြည်တွင်းအားကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံတွင် တည်ရှိနေသည့် သယံဇာတအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များဖြင့် ပြည်တွင်းစီးပွားတိုးတက်အောင် မြှင့်တင်ရေး၊ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားကောင်းရေးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံပြည်ထောင်စု တည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ စွမ်းပကားဖြင့် ကာကွယ်ရေးစွမ်းအားတို့ကို တည်ဆောက်သွားရမည်ဖြစ်ရာ သူ့ကျွန်ဘဝ သမိုင်းသင်ခန်းစာများကို သတိပြုလျက် နိုင်ငံ့အင်အားများကို စုစည်းညီညွတ်စွာ တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။ ။

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Deng Xijun အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Deng Xijun အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့သည်။

သတင်းစဉ်

## လက်ပံတန်း အစိုးရစက်မှုလက်မှုသိပ္ပံ၌ လူကုန်ကူးမှု တာဆီးကာကွယ်ရေးအသိပညာပေးဟောပြော

**လက်ပံတန်း ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)မှ ဦးဆောင်၍ လူကုန်ကူးမှုတာဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) ခန်းမ၌ ကျင်းပသည်။

ဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) ကျောင်းအုပ်ကြီး ဒေါက်တာအောင်မျိုးဝင်းက အမှာစကားပြောကြားပြီး အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် (သာယာဝတီ) မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ် ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသောပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများအား သတိပြုဆင်ခြင်နိုင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမှတ်(၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပါအကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအုပ်ကြီး ဒေါက်တာအောင်မျိုးဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၄၆ ဦးတက်ရောက်ကြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

❖ *ရှေ့ဖုံးမှ*

**အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H.E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ ဆွေးနွေးပွဲ တတိယနေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**

တွေ့ဆုံ ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား စည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ဗိုလ်မှူးကြီး ဝဏ္ဏအောင်၊ NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများဖြစ်ကြသည့် ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) မှ နာယက ဖြားတန်ခွန်ဥက္ကာ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) မှ ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင် တပ်မတော်(DKBA)မှ စစ်ဦးစီးချုပ် စောစတီး၊ KNU/KNLA ငြိမ်းချမ်းရေး ကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး(LDU)မှ ဒုတိယဥက္ကဋ္ဌ ကျာဖူးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တွေ့ဆုံ ဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကိုယ်စား ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယက ဖြားတန်ခွန်ဥက္ကာနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်သည့် SANDISOLAR MONO 18V 5W မီးအိမ်များကို လက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကာကွယ်ဆေး သိုလှောင်အခန်းတွင်ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သော Sinopharm ဆေးနှင့် ဆေးထိုးအပ်များမှ ယနေ့တွင် ချင်းပြည်နယ် ကလေးမြို့သို့ Sinopharm ဆေး အလုံး ၈၀၀ နှင့် ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးသည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြိတ်တက္ကသိုလ်၌ မောင်မယ်သစ်လွင် ကြိုဆိုပွဲကျင်းပ

**မြိတ် ဒီဇင်ဘာ ၂၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန မြိတ်တက္ကသိုလ် ၂၀၂၂ -၂၀၂၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြိတ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်များက ကြိုဆိုအမှာစကားပြောကြားခြင်း၊ ဘာသာရပ်ပါမောက္ခ (ဌာနမှူး) များက မိတ်ဆက်ဆွေးနွေးပြောကြားခြင်း၊ Senior ကျောင်းသား ကျောင်းသူများက သစ်လွင်မောင်မယ်များကို သီဆိုဖျော်ဖြေကြိုဆိုခြင်း၊ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးမှုနှင့် ဘာသာရပ်ဌာနများ၏ ခင်းကျင်းပြသထားရှိသည့်ပြခန်းများ၊ တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုပြခန်းသို့ လေ့လာကြည့်ရှုခဲ့ကြသည်။

**ကောင်းကောင်း(မြိတ်)**

■ *ကျောဖုံးမှ*

ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းသင်တန်းသား၊ သင်တန်းသူများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း အလံတော်အဖွဲ့နှင့် ကျောင်းဆင်းတပ်ခွဲများအား စစ်ဆေးစဉ်။**

### ချီတက်အလေးပြု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး အလံတော်အဖွဲ့နှင့် ကျောင်းဆင်းတပ်ခွဲများအား စစ်ဆေးသည်။ ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကျောင်းဆင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသား ဆလိုင်းပြည့်စုံအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား ကျော်ဇင်ထက်နှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသား ဝေလင်းအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းသည် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၇)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ ဖွေးသန့်စင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ ဆုလဲ့နန္ဒာနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ယွန်းယွန်းဝေတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၇)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ ဖွေးသန့်စင်အားဆုပေးအပ်ချီးမြှင့်စဉ်။**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ် (၇) တို့၏ သင်တန်းဆင်းသည့်နေ့ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားသစ်လောင်းသည့် နေ့တစ်နေ့ဖြစ်၍ ဂုဏ်ယူဖွယ်ရာ ထူးခြားလေးနက်သည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ကျရာ တပ်အသီးသီးကို သွားရောက်တာဝန် ထမ်းဆောင်ကြရမည်ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား မှာကြားစရာရှိသည်များကို အလေးအနက်ထား မှာကြားသွားမည်ဖြစ်ကြောင်း။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည် **"ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သောလက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်"**ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ သူနာပြုစိတ်ဓာတ်ပြည့်ဝပြီး ကိုယ်ကျင့်သိက္ခာနှင့်ပြည့်စုံသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာကျွမ်းကျင်သူများကို စဉ်ဆက်မပြတ် သင်ကြားမွေးထုတ်ပေးလျက်ရှိကြောင်း၊ ယင်းသို့ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာတွင် သင်တန်းဆင်းသည့် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၇)အထိ "ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်" များအဖြစ် လေ့ကျင့်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

### လေ့ကျင့်မွေးမြူပေးလျက်ရှိ

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြုတပ်ဖွဲ့ဝင်များ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များသည် မရှိမဖြစ်အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေသည့်သူများဖြစ်၍ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်မွေးမြူပေးလျက်ရှိကြောင်း၊ သမိုင်းကြောင်းကို ပြန်ကြည့်လိုက်လျှင် ၁၉၅၉ ခုနှစ်တွင် စစ်သူနာပြုသင်တန်း တပ်ဆွယ်ကာလတွင် အမျိုးသမီးစစ်သူနာပြု အရာရှိလောင်းသင်တန်း အမှတ်စဉ် (၁)မှ (၁၆)အထိ ဖွင့်လှစ်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် သူနာပြုသိပ္ပံဘွဲ့ အမျိုးသမီးဗိုလ်လောင်းသင်တန်းကို အမှတ်စဉ် (၁) မှ အမှတ်စဉ် (၄) အထိ တပ်မတော်ဆေးတက္ကသိုလ်၌ လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ်တွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကို စတင်ဖွင့်လှစ်ကာ အမျိုးသားများနှင့် အမျိုးသမီးများကိုပါ သူနာပြုသိပ္ပံဘွဲ့သင်တန်းများ တက်ရောက်စေခဲ့ကြောင်း၊ အရပ်ဘက်တက္ကသိုလ်များက သူနာပြုသိပ္ပံဘွဲ့ရရှိခဲ့ပြီး မိမိသဘောဆန္ဒအလျောက် တပ်မတော်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရန် လျှောက်ထားဆန္ဒပြုခဲ့သူများကိုလည်း လိုအပ်သည့် အခြေခံစစ်ပညာသင်တန်းများ တက်ရောက်စေခဲ့ပြီး သူနာပြုတပ်ဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ထမ်းဆောင်စေနိုင်ခဲ့ကြောင်း။

အခြေခံဘွဲ့သင်တန်းဆင်းပြီး အချိန်ကာလတစ်ခုအထိ စစ်မြေပြင်ဆေးအကာအကွယ်ပေး တာဝန်ထမ်းဆောင်ပြီးပါက အရည်အချင်းပြည့်မီသူများကို စိစစ်ရွေးချယ်ပြီး မဟာဘွဲ့သင်တန်းများဆက်လက် တက်ရောက်စေလျက်ရှိကြောင်း၊ မဟာသိပ္ပံဘွဲ့သင်တန်းများအပြင် သူနာပြုပါရဂူဘွဲ့သင်တန်း၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာပါရဂူဘွဲ့သင်တန်းများကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် အခြားလိုအပ်သည့် ဘာသာရပ်ဆိုင်ရာ ပါရဂူဘွဲ့သင်တန်းများ ထပ်မံဖွင့်လှစ်နိုင်ရေးလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

### ဘက်ပေါင်းစုံက ဖြည့်ဆည်းပေးလျက်ရှိ

သင်ကြားရေးအပိုင်းတွင် ပိုမိုထိရောက်စေရန် သင်ထောက်ကူပစ္စည်းများ၊ လက်တွေ့ခန်းမနှင့် နည်းပြလိုအပ်ချက်များကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် လိုအပ်ချက်အပေါ်မူတည်ပြီး ဘက်ပေါင်းစုံက ဖြည့်ဆည်းပေးလျက်ရှိ၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင်လည်း ပြည်ပနိုင်ငံ ၁၁ နိုင်ငံတွင်ရှိသည့် သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များတွင် ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့များနှင့် ဒီပလိုမာဘွဲ့များကို စေလွှတ်တက်ရောက်စေလျက်ရှိရာ ယခုဆိုလျှင် သင်တန်းသား ၁၃၇ ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီးဖြစ်ကြောင်း။

ယင်းသို့ ပြည်ပသင်တန်းများ တက်ရောက်စေခြင်းသည် နိုင်ငံတကာစံနှုန်းနှင့်အညီ ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်စေရေး ရည်မှန်းဆောင်ရွက်ချိန်တွင် အရည်အချင်းပြည့်ဝသည့် သူနာပြုနှင့် ဆေးဘက်ပညာသည်များဖြစ်လာအောင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနေခြင်းဖြစ်၍ လက်တွေ့နယ်ပယ်ရောက်ရှိချိန်တွင် အမိတက္ကသိုလ်ကြီးက သင်ကြားပေးခဲ့သည့် ပညာရပ်များကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာ ဆောင်ရွက်သွားကြရန်နှင့် ပြည်တွင်းဆင့်ပွားသင်တန်းများကတစ်ဆင့် မိမိတတ်မြောက်ခဲ့သည့် ပညာရပ်ဆိုင်ရာ ဗဟုသုတများကို မျှဝေပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

### စိန်ရတုနှစ်ပတ်လည်တိုင်ခဲ့ပြီ

လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ သန္ဓေတည် ပေါက်ဖွားလာခဲ့ပြီး စစ်ဘက်ဆိုင်ရာ ဆရာဝန်၊ သူနာပြုနှင့် ဆေးဘက်ပညာရှင်များ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ ပေါ်ပေါက်လာမှုသည်

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

*စာမျက်နှာ ၄ မှ*

၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် စိန်ရတုနှစ်ပတ်လည်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်၏ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးရပြီးကတည်းက ယနေ့တိုင် ခေတ်အဆက်ဆက်တွင် တပ်မတော်၏ လက်ရုံးဝန်ထမ်းတပ်ဖွဲ့များနှင့် ပူးပေါင်းပြီး ပြည်တွင်းတည်ငြိမ်အေးချမ်းသာယာရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် စစ်ဆင်ရေးနှင့် နယ်မြေစိုးမိုးရေးဆောင်ရွက်ရာတွင်လည်း ကျရာအခန်းကဏ္ဍ၌ ပါဝင်ထမ်းဆောင်ခဲ့ကြကြောင်း။

**ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့**

ထို့အပြင် လူသားအားလုံး အခြေခံလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အရည်အသွေးပြည့်ဝစွာနှင့် ငွေကြေးအခက်အခဲမရှိဘဲ ရယူနိုင်ရမည်ဆိုသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကျန်းမာရေးလွှမ်းခြုံမှုပန်းတိုင်အတိုင်းပင် တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းတပ်ဖွဲ့များ၌ တပ်မတော်သားများနှင့် မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စစ်မြေပြင် လက်တွေ့ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများသာမက ခေတ်အဆက်ဆက် ဒေသတွင်းပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း အကုန်အကျအနည်းဆုံးဖြင့် ရောဂါပျောက်ကင်းစေရေး တစ်ဖက်တစ်လမ်းကလည်း ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့ကြကြောင်း။

နိုင်ငံတော်အစိုးရအဆက်ဆက် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူလူထုကို ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ရည်ရွယ်ဆောင်ရွက်သည့် နေရာတွင်လည်း တစ်ဖက်တစ်လမ်းက အတတ်နိုင်ဆုံး ကူညီဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းကစ၍ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များက နယ်လှည့်ဆေးကုသမှုလုပ်ငန်းများကို အင်တိုက်အားတိုက် တိုးမြှင့်ဆောင်ရွက်ပေးရာတွင် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများသည် ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တောင်ပေါ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် ကိုယ်တိုင်ကိုယ်ကျ သွားရောက်စောင့်ရှောက်ကုသပေးခဲ့ကြကြောင်း။

**ကျန်းမာရေးစောင့်ရှောက်ပေး**

ထိုသို့ဆောင်ရွက်ရာတွင် တပ်မတော်သားအရာရှိ/စစ်သည် ကျွမ်းကျင်သူများအပြင် ဆေးဘက်ဆိုင်ရာ ဆေးဝါးများ၊ ကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများပါဝင်သည့် ရွေ့လျားဆေးကုသမှုယာဉ်များဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရေလမ်းကြောင်းတစ်ခုတည်းသာ အားကိုးအားထားပြုပြီး သွားလာနေကြရသည့် နေရာမျိုးများသို့လည်း မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တို့ဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများရှိ ပြည်သူလူထုများကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း။

> ☆ **သူနာပြုကောင်းတစ်ဦးတွင် ထားရှိရမည့် လူသားဆန်သည့် စိတ်ဓာတ်များဖြစ်သည့် တည်ငြိမ်ရဲရင့်မှု၊ မြှုပ်နှံစုစည်းမှု၊ အသိဉာဏ်ရှိမှု၊ ခံနိုင်ရည်ရှိမှု၊ စိတ်အားထက်သန်မှု၊ ကိုယ်ချင်းစာစိတ်ရှိမှုများနှင့် ပြည့်ဝနေစေရန် မိမိကိုယ်ကို အမြဲမပြတ် ဖြည့်ဆည်းလေ့ကျင့်နေရမည်**

ထို့အပြင် ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အချိန်တိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က **“လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ” ဟု** မိန့်ကြားထားသည့်အတိုင်း တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည်လည်း အချိန်၊ နေရာဒေသ၊ လူမျိုးဘာသာမရွေး ကူညီစောင့်ရှောက်နိုင်ရန် ကယ်ဆယ်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် သင်ကြားရေးဆောင်ရွက်ရင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု အမြင့်ဆုံးအချိန်တွင်လည်း စာတွေ့မှ လက်တွေ့ဆီသို့ ပြောင်းလဲကာ လိုအပ်ချက်အရ အသက်အန္တရာယ်နှင့် ဆိုးရွားပြင်းထန်သည့် ရောဂါကူးစက်ခံရနိုင်မှုကို မကြောက်မရွံ့ နောက်မတွန့်ဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကိုယ်ကျိုးစွန့်ပါဝင်ဆောင်ရွက်ခဲ့ခြင်းကိုလည်း ဂုဏ်ယူဖွယ်တွေ့မြင်ခဲ့ရကြောင်း၊ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် သူနာပြုတပ်ဖွဲ့ဝင်ကောင်းများအဖြစ် ကျရာတာဝန်ကို ဆက်လက်ကျေပွန်စွာ ထမ်းဆောင်နိုင်စေရန် မိမိတို့၏ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အသီးသီးတွင် အရည်အချင်း၊ အရည်အသွေးပြည့်မီသူများဖြစ်အောင် အမြဲမပြတ် ဖြည့်ဆည်းကြိုးစားကြရန် လိုကြောင်း။

သူနာပြုပညာရပ်သည် ကျန်းမာရေးကဏ္ဍတွင် အရေးပါသည့် ပညာရပ်တစ်ရပ်ဖြစ်ကြောင်း၊ သူနာပြုများသည်လည်း ကရုဏာတရားကြီးမားပြီး ကြင်နာတတ်သူ၊ ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သူ၊ စေတနာထက်သန်သူ၊ စိတ်ထားမွန်မြတ်သူ၊ အပင်ပန်းအဆင်းရဲခံနိုင်သူ၊ ကိုယ်ကျင့်သိက္ခာကောင်းမွန်သူ စသည့်အင်္ဂါရပ်များနှင့် ထူးထူးကဲကဲ ပြည့်စုံသူများဖြစ်ကြောင်း၊ စေတနာနှင့် အကြင်နာဆိုသည် အလွန်ထိရောက်သည့် စိတ်ပိုင်းဆိုင်ရာ ကုထုံးဖြစ်သည့်အပြင် လူနာ၏ ယုံကြည်လေးစားမှု ချစ်ခင်မှုများကို ရရှိစေနိုင်ကြောင်း၊ သူနာပြုတစ်ဦးအနေဖြင့် ကျန်းမာရေးပြုစုစောင့်ရှောက်ပေးရာတွင် ကျန်းမာရေးဆိုင်ရာပညာပေးသူ၊ ဆွေးနွေးအကြံပြုသူ၊ ပြုစုစောင့်ရှောက်ပေးသည့်သူ စသည့်အသွင်သဏ္ဌာန်မျိုးစုံနှင့် ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းစဉ်များတွင် ပါဝင်နေကြခြင်းဖြစ်ပြီး သူနာပြုတစ်ဦး၏ အပြောအဆို၊ အပြုအမူသည် လူနာ၏ စိတ်ဓာတ်ခွန်အားများ လန်းဆန်းတက်ကြွစေနိုင်ပြီး ကုသမှုကို ထိရောက်စေကြောင်း။

**အမြဲမပြတ် ဖြည့်ဆည်းလေ့ကျင့်**

ထို့ကြောင့် သူနာပြုကောင်းတစ်ဦးဖြစ်စေရန် အရေးကြီးဆုံးသည် **“ ဝါသနာ၊ စေတနာ၊ အကြင်နာ၊ အနစ်နာ၊ နမူနာ”** ဆိုသည့် နာ ငါးနာနှင့် ပြည့်စုံနေရန် လိုအပ်ကြောင်း၊ ထိုသို့ ထားရှိရမည့် အခြေခံကောင်းများကို လေးနှစ်တာ သင်တန်းကာလအတွင်း၌ သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် သူနာပြုကောင်းတစ်ဦးတွင် ထားရှိရမည့် လူသားဆန်သည့် စိတ်ဓာတ်များဖြစ်သည့် တည်ငြိမ်ရဲရင့်မှု၊ မြှုပ်နှံစုစည်းမှု၊ အသိဉာဏ်ရှိမှု၊ ခံနိုင်ရည်ရှိမှု၊ စိတ်အားထက်သန်မှု၊ ကိုယ်ချင်းစာစိတ်ရှိမှုများနှင့် ပြည့်ဝနေစေရန် မိမိကိုယ်ကို အမြဲမပြတ် ဖြည့်ဆည်းလေ့ကျင့်နေရမည်ဖြစ်ကြောင်း။

သူနာပြုစိတ်ဓာတ်၏ အခြေခံညွှန်းဆိုချက်သည် “လူနာ၏ စိတ်ရောကိုယ်ပါ ကျန်းမာရေးနှင့် ခံစားမှုဆိုင်ရာ ကောင်းမွန်ရေး”ပင်ဖြစ်ကြောင်း၊ သူနာပြုစိတ်ဓာတ်ကောင်းများနှင့် ပြည့်စုံနေမည်ဆိုလျှင် မည်သည့်နေရာဒေသတွင်မဆို ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားနိုင်မည်ဖြစ်ပြီး တပ်မတော်သားမိသားစုဝင်များနှင့် ပြည်သူလူထုက အားကိုးအားထားပြုရသည့် သူနာပြုကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

ထို့အပြင် သူနာပြုများခံယူအပ်သည့် သူနာပြုအဓိဋ္ဌာန် ကတိသစ္စာ ၉ ချက်ကိုလည်း တည်ကြည်ဖြောင့်မတ်မြဲမြံစွာ စောင့်ထိန်းလိုက်နာသွားကြရန် အထူးလိုအပ်ကြောင်း၊ မည်သို့ပင် တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်များဖြင့် တိုက်ပွဲဝင်ကြသည့် တပ်မတော်သား အရာရှိ/စစ်သည်များ ဒဏ်ရာအနာတရဖြစ်ချိန်၊ ကျန်းမာရေးချို့ယွင်းချိန်များတွင် လူသားများပီပီ ပြုစုစောင့်ရှောက်သူများ၏ အကြင်နာ၊ ကရုဏာကို တမ်းတလိုချင်ကြခြင်းဖြစ်၍ လူနာအားလုံး၏ ကိုယ်ရောစိတ်ပါ ကျန်းမာရေးကို မိမိ၏အရေးကိစ္စကဲ့သို့ သဘောထားပြီး ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးရန် လိုအပ်၍ မိမိ၏ ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာကိုလည်း တန်ဖိုးထားမြှင့်တင်ကြရမည်ဖြစ်ကြောင်း။

**စစ်နည်းဗျူဟာများ တိုးတက်ပြောင်းလဲ**

အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် နည်းပညာခေတ်တွင် စစ်ဆင်မှုပုံစံများနှင့် ကျင့်သုံးသည့် စစ်နည်းဗျူဟာများကလည်း တိုးတက်ပြောင်းလဲလျက်ရှိကြောင်း၊ ယနေ့ ခေတ်သစ်စစ်ပွဲများတွင် အချိုးညီ ဘက်စုံစစ်ပွဲအသွင်၊ အချိုးမညီ ဘက်စုံစစ်ပွဲအသွင် သီးသန့်စီဖြစ်စေ၊ ပေါင်းစပ်ပြီးဖြစ်စေ ကျင့်သုံးသည့်စစ်ဆင်မှုအမျိုးမျိုးကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တိုက်ပွဲများဖော်ဆောင်နေကြခြင်းဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည်လည်း ကမ္ဘာ့ရွာကြီးပုံစံဖြစ်ပေါ်နေသည့်အတွက် နိုင်ငံတိုင်းသည် ထီးတည်းနေ၍မရဘဲ ကိုယ်ကျိုးစီးပွား တူညီသူအချင်းချင်း လက်တွဲဆောင်ရွက်နေကြရကြောင်း၊ ထို့အပြင် ကိုယ်ကျိုးစီးပွားတူအချင်းချင်း မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရာတွင် စစ်ဘက်ဆိုင်ရာ ကဏ္ဍများတွင်လည်း အတွေ့အကြုံရရှိစေရန် နိုင်ငံတကာတပ်မတော် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေခြင်း၊ တပ်ဖွဲ့အတွင်း ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အာဆီယံစစ်ဘက်ဆေးပညာညီလာခံ၊ အာဆီယံဓာတု၊ ဇီဝနှင့် ရေဒီယိုသတ္တိကြွဆိုင်ရာ ကာကွယ်ရေးကျွမ်းကျင်ပညာရှင်များကွန်ရက်၊ အာဆီယံတပ်မတော်ဆေးဘက်ဆိုင်ရာဗဟိုဌာန၊ အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းမှုဗဟိုဌာန စသည့်အာဆီယံအဖွဲ့ဝင် နိုင်ငံဆေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ စစ်ဘက်ဆေးတက္ကသိုလ်များညီလာခံ၊ နိုင်ငံတကာ စစ်ဘက်ဆေးပညာဆိုင်ရာ ကော်မတီများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံခြင်းများ ဆောင်ရွက်စေလျက်ရှိပြီး ရရှိလာသည့် အတွေ့အကြုံဗဟုသုတများကို အခြေခံပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန် ဆက်လက်လေ့ကျင့်ပေးသွားရမည်ဖြစ်ကြောင်း။

**သင်ရိုးညွှန်းတမ်းများ ပြောင်းလဲပြင်ဆင်သွားကြရမည်**

ထို့အပြင် အနာဂတ်ကာလတွင် Artificial Intelligence (AI) နည်းပညာရပ်သည် ဆေးကုသမှုဆိုင်ရာ နယ်ပယ်ထဲ၌ အနေးနှင့် အမြန်ဆိုသလို ဝင်ရောက်လာနေခြင်းဖြစ်သည့်အတွက် ဆေးပညာသင်ကြားရေး (Medical Education) တွင် ဆရာဝန်နှင့် သူနာပြုသင်တန်းသား၊ သင်တန်းသူများကို AI နည်းပညာနှင့် ရင်းနှီးအောင် သင်ကြားပေးနိုင်ရန် သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာစံနှုန်းနှင့် နှိုင်းယှဉ်ပြီး လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားကြရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ပညာဗဟုသုတရှာမှီးမှု(Knowledge Acquisition) ကို အခြေခံသည့် သင်ကြားမှုစနစ်ကနေ ဗဟုသုတစီမံခန့်ခွဲမှုနှင့် ဆက်သွယ်ဆောင်ရွက်မှု (Knowledge Management and Communication) ကိုအခြေခံသည့် သင်ရိုးညွှန်းတမ်းမျိုးဖြစ်အောင် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုအပ်ပြီး ခေတ်နှင့်လျော်ညီသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ဆရာဝန်များနှင့် သူနာပြုများကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

တပ်မတော်သည် တိုင်းပြည်၏ အစိတ်အပိုင်း၊ ပြည်သူများ၏ အစိတ်အပိုင်းပင်ဖြစ်ပြီး တပ်မတော်သားများသည် တိုင်းရင်းသားပြည်သူများမှ မွေးဖွားလာကြသူများ၊ မည်သူတစ်ဦးတစ်ယောက်မျှ တိုက်တွန်း၍မဟုတ်ဘဲ မိမိဆန္ဒအရ တပ်မတော်အတွင်းသို့ စစ်မှုထမ်းများအဖြစ် ဝင်ရောက်လာကြသူများဖြင့် ဖွဲ့စည်းထားသည့် တစ်ခုတည်းသော တပ်မတော်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိက တာဝန်က နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ခြင်းနှင့်အညီ ပြည်တွင်းနှင့် ပြည်ပရန်စွယ် အန္တရာယ် ဟူသမျှကိုလည်း လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းမှစ၍ ယနေ့တိုင် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်၌ ကာကွယ်ခဲ့၊ ကာကွယ်ဆဲဖြစ်ကြောင်း။

**တည်ငြိမ်အေးချမ်းမှု အထူးပင်လိုအပ်**

ယနေ့အချိန်ကာလသည် နိုင်ငံတော်ကို ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းခိုင်မာစေရေး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ချမှတ်ပြီး နိုင်ငံရေးရည်မှန်းချက် ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး ရည်မှန်းချက်များထားရှိ၍ နိုင်ငံတော်ကို အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်ကြောင်း၊ ထိုသို့ တည်ဆောက်သည့်နေရာတွင် နိုင်ငံအဝန်း တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ် အထူးပင်လိုအပ်ကြောင်း၊ ထို့အတွက်ကြောင့်လည်း လွတ်လပ်ရေး ရပြီးကတည်းက (၇၅) နှစ်ကြာသည်အထိ နယ်ချဲ့ကိုလိုနီများ၏ သွေးခွဲမှုအမျိုးမျိုးကြောင့် နိုင်ငံရေး အယူအဆများ၊ လူမျိုးရေးအယူအဆများ၊ ဘာသာရေးအယူအဆများ စသည့်အယူအဆအမျိုးမျိုး ကြောင့် ပဋိပက္ခအမျိုးမျိုးကို ပြည်သူများအများစု ခါးစည်းခံခဲ့ရမှုများလည်းရှိနေခဲ့၊ ရှိနေဆဲဖြစ်ခြင်း ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေ ဖြင့် နိုင်ငံတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းတည်ငြိမ်ပြီး အမြန်ဆုံးတိုးတက်ဖွံ့ဖြိုးရေးအတွက် ၂၀၂၂ ခုနှစ် ဧပြီ ၁၁ ရက်တွင် ကြိုတင်ကန့်သတ်ချက်မထားဘဲ ထာဝရငြိမ်းချမ်းရေးအတွက် ပွင့်လင်းမြင်သာစွာ ဖိတ်ခေါ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကိုယ်တိုင် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့အစည်းခေါင်းဆောင်များအား လက်ခံတွေ့ဆုံ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံမှုအခြေအနေ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို လက်ခံမှုအခြေအနေ ၂ ချက်အပေါ် အပြန်အလှန်ဆွေးနွေးပြီးနောက် လက်ခံကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၀ ဖွဲ့အား အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှု ညှိနှိုင်းရေးကော်မတီဖြင့် အသေးစိတ်ဆွေးနွေးမှု များကို အပြုသဘောဆောင်လျက် အပြန်အလှန် ဆွေးနွေးလျက်ရှိကြောင်း။

**အမြဲလေ့လာ မှတ်သားနေရန်လို**

ထိုသို့ တပ်မတော်နှင့် တိုက်ရိုက်ထာဝရငြိမ်းချမ်းရေးရရှိစေရေး ဖိတ်ခေါ်ဆွေးနွေးခဲ့ခြင်းသည်လည်း လွတ်လပ်ရေးရပြီး (၇၅) နှစ်တာကာလအတွင်း ပဋိပက္ခအမျိုးမျိုးကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်း မှိုတင်းနေထိုင်လာခဲ့ကြသည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုမောင်နှမ များ၏ ခံစားခဲ့၊ ခံစားကြရဆဲ ပဋိပက္ခဆိုးကျိုးများ ချုပ်ငြိမ်းပြီး နိုင်ငံတော်ကြီး အမြန်ဆုံးခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်စေရန်ပင် ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးနှင့် ပတ်သက်လာလျှင် ကျရာ အခန်းကဏ္ဍက တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေးဖြစ်စဉ်ဖြစ်ရပ်နှင့် သမိုင်းကြောင်း များကို အမြဲလေ့လာ မှတ်သားနေရန်လိုအပ်ကြောင်း။

တပ်မတော်အနေနှင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များအပြင် သမိုင်းကပေးအပ်လာသည့် အမျိုးသားနိုင်ငံရေးတာဝန်များကို အောင်မြင်စွာ ထမ်းရွက်နိုင်ရန် တပ်တွင်း၊ တပ်ပြင်စည်းလုံးညီညွတ် ရေးကို ခိုင်မာစွာတည်ဆောက်ထားရန် လိုအပ် ကြောင်း၊ တပ်မတော်သား အဆင့်အတန်းအားလုံးနှင့် မိသားစုဝင်များသည် ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံး မည်ဆိုသည့်အတိုင်း စုစည်းကျစ်လျစ်ခိုင်မာနေရန် အထူးလိုအပ်ကြောင်း၊ ယနေ့ခေတ်သည် နည်းပညာ ခေတ်ဖြစ်ခြင်းနှင့်အညီ လူမှုကွန်ရက်အမျိုးမျိုးကို နည်းမျိုးစုံအသုံးချပြီး တပ်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲရေးကို ပြုလုပ်နေကြသလို Main Stream Media များကလည်း တပ်မတော်နှင့် တပ်မတော်သားများအပေါ်ကို နိုင်ငံတကာ၌ ပုံရိပ်ဆိုးများအဖြစ် နားလည်မှုလွဲမှားစေရေး ပုံဖော်နေလျက်ရှိခြင်းကို လည်း သတိပြုကြရန်လိုအပ်ပြီး ထုတ်ပြန်ပေးထားသည့် Rule of Engagement (ROE) နှင့် Counter Insurgency Operation (CIO) တို့ကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် တိကျစွာ လိုက်နာကြရန် လိုကြောင်း။

**တပ်ပြင်စည်းရုံးရေးကို အလေးထားဆောင်ရွက်**

ထို့အပြင် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် တည်ဆောက်ရမည်ဖြစ်၍ တစ်ဖက်ကလည်း တပ်ပြင်စည်းရုံးရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ သဘာဝဘေး အန္တရာယ်များ ကျရောက်ချိန်တွင် ကူညီထောက်ပံ့ပေးခြင်းများသည် လက်တွေ့ပါသည့် စည်းရုံးရေးကို ဆောင်ရွက်နေခြင်းကို နားလည်သဘောပေါက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်နှင့်ပြည်သူ တစ်သားတည်းဖြစ်အောင် ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် တပ်ပြင်စည်းရုံးရေးကို အလေးထားဆောင်ရွက်ကြရန် လိုကြောင်း။

**စည်းကမ်းကောင်းမွန်ရေး**

စစ်သည်တော်ကောင်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရာတွင် တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်၊ တပ်မတော်၏အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့် စိတ်ဓာတ် စသည့်တပ်မတော်၏ စိတ်ဓာတ်များကိုလည်း လေ့ကျင့်မွေးမြူထားကြရန်လည်း လိုအပ်ကြောင်း၊ ယခုလို စိတ်ဓာတ်များရှိရန်၊ ခိုင်မာမြဲမြံနေရန် စစ်စည်းကမ်းသည် အဓိကကျောရိုးမဏ္ဍိုင်ပင်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် စစ်ဘက်ဥပဒေများအပြင် နယ်ဘက်ဥပဒေများကိုပါ စောင့်ထိန်းလိုက်နာကြရသည့်သူများဖြစ်၍ တားမြစ်ချက်၊ တိုက်တွန်းချက်များကို သိရှိလိုက်နာပြီး တိကျစွာ မိမိကိုယ်တိုင်နှင့် မိမိအဖွဲ့အစည်းပါ လိုက်နာကြရန်လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးစုတစ်စု၊ အဖွဲ့အစည်းတစ်ခု ဖွံ့ဖြိုးတိုးတက် အောင်မြင်ရန်အတွက် အခြေခံအကျဆုံးသည် စည်းကမ်းကောင်းမွန်ရေးပင်ဖြစ်ကြောင်း။

ယနေ့ခေတ်မီဖွံ့ဖြိုးပြီး နိုင်ငံကြီးများကိုကြည့်လျှင် အခြေခံအားဖြင့် ပြည်သူအများစုသည် စည်းကမ်း၊ စိတ်ဓာတ်ကောင်းမွန်ကြံ့ခိုင်ကြသူများ ဖြစ်ကြသည်ကို တွေ့မြင်ကြရကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းမှအစ မိမိပါဝင်သည့် အဖွဲ့အစည်းကိုလည်း စည်းကမ်းစိတ်ဓာတ် ပြည့်ဝကြံ့ခိုင်ကောင်းမွန်အောင် ကြိုးပမ်းတည်ဆောက်ကြခြင်းဖြင့် အမိနိုင်ငံတော်ကြီး အမြန်ဆုံးခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**သစ္စာစောင့်သိမှုသည် ပို၍အရေးကြီး**

သစ္စာစောင့်သိမှုတရားသည် တပ်မတော်အား (၁၀)ပါးတွင် တစ်ပါးအပါအဝင် ဖြစ်ကြောင်း၊ အမိန့်နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှု၊ စည်းကမ်းကောင်းမွန်မှုများနှင့် ပြည့်စုံနေမည်ဆိုလျှင် မိမိတပ်ရင်း၊ တပ်ဖွဲ့၊ တပ်မတော်နှင့် ပြည်သူလူထုအပေါ်၊ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိနေခြင်းပင်ဖြစ်၍ မိမိအဖွဲ့အစည်းနှင့် သေအတူရှင်မကွာ အတူတကွ လက်တွဲတာဝန်ထမ်းဆောင်နေကြသည့် ရဲဘော် ရဲဘက်များ အပေါ်တွင် ထားရှိရမည့် သစ္စာစောင့်သိမှုသည် ပို၍ အရေးကြီးကြောင်း။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း ထူးချွန်ဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**“တပ်မတော်အနေနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် သမိုင်းကပေးအပ်လာသည့် အမျိုးသားနိုင်ငံရေးတာဝန်များကို အောင်မြင်စွာထမ်းရွက်နိုင်ရန် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးကို ခိုင်မာစွာတည်ဆောက်ထားရန် လိုအပ်”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၃) စိုက်ပျိုးမွေးမြူရေးစခန်းရှိ ဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

### သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးခြံများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့် နွားနို့များကို အရာရှိ၊ စစ်သည် မိသားစုများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဝန်ကြီးချုပ်က ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန် ဖြစ်ပေါ်လာပုံ၊ ကော်မတီများ ဖွဲ့စည်း ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်ထည်ဖော် ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပပေါက်ဈေးထက် သက်သာစွာရောင်းချပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည့်အခြေအနေများ၊ အမြတ်ကို အဓိကမထားဘဲ သက်သာချောင်ချိရေးကို ဦးစားပေးဆောင်ရွက်ကြရန်လိုသည့် အခြေအနေများ၊ မွေးမြူရေး ဆောင်ရွက်ရာတွင် မွေးမြူရေးသုတေသနအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေး၍ ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များရရှိအောင် ဆောင်ရွက်ကြရန်လိုအပ်သည့် အခြေအနေများ၊ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့၏ စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည်အထိ စိုက်ပျိုးမွေးမြူရေးကို တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် မှာကြားသည်။

### ပြည်ပဈေးကွက်သို့ ပို့ဆောင်နိုင်ရေး

ဆက်လက်၍ ညောင်နှစ်ပင် အထူးဇုန်နှင့်ပတ်သက်ပြီး မြေပြင်တွင် အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နေမှုများကို ကြီးကြပ်ရေးအဖွဲ့များဖြင့် စနစ်တကျ ကြပ်မတ်ရန်လိုအပ်သည့် အခြေအနေများ၊ ရန်ကုန်မြို့ရှိ လူဦးရေနှင့်အညီ Supply နှင့် Demend ကို မျှတမှုရှိစေရေး တွက်ချက်ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း ပိုလျှံသော သား၊ ငါးများကို ခေတ်မီအေးခဲစနစ်ဖြင့် ထိန်းသိမ်းနိုင်ရေး၊ ပြည်ပဈေးကွက်သို့ ပို့ဆောင်နိုင်ရေး စီမံသွားရန်နှင့် လုပ်ငန်းရှင်များလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ မှိုနှင့် ကြက်ဥများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မိဘမျိုးရင်း နိုဗိုဂျင်ဘရောင်းမျိုးကြက်များ မွေးမြူထားရှိမှုအခြေအနေ၊ ငါးကန်အမှတ် (၁) မှ ငါးများဖော်ယူနေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးသည်။ အဆိုပါကန်၌ ငါးမြစ်ချင်း ၁၅၀၀၊ ငါးတန် ၈၀၀၊ ငါးမုတ် ၅၀၀၊ မြက်စားငါးကြင်း ၂၀၀ တို့ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၅ ရက်မှစတင် မွေးမြူခဲ့ရာ ယခုကန်ဖော်သည့်အချိန်တွင် ငါးတစ်ကောင်လျှင် ပျမ်းမျှ ၁ ပိဿာခန့်ရှိပြီး ယနေ့ဖော်ယူရရှိမှုအနေဖြင့် ပိဿာ ၂၂၅၀ ဖော်ယူရရှိခဲ့ရာ ဈေးနှုန်းသက်သာစွာဖြင့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအားဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ စိုက်ပျိုးမွေးမြူရေး ခြံများအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် အမှတ် (၃) စိုက်ပျိုးမွေးမြူရေး စခန်းသို့ သွားရောက်၍ သားဖောက်ရန် မျိုးရင်းဝက်မွေးမြူထားရှိမှု အခြေအနေ၊ ကာကီကင်းဘဲ ၁၀၀၀ မွေးမြူထားရှိသည့် အခြေအနေနှင့် ငါးကန် ၁၆ ကန်တွင် ငါးများမွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

တပ်မတော်နှင့် နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်သည့် မည်သည့်လုပ်ရပ်မျိုးကိုမဆို ရှောင်လွှဲဆန့်ကျင်ရမည်ဖြစ်ကြောင်း၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင်၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ရင်းနှီးချစ်ခင် စည်းလုံးညီညွတ်မှုရရှိအောင်၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် မြတ်နိုးတန်ဖိုးထားပြီး ဝိုင်းဝန်းကြံဆောင်ကြခြင်းဖြင့် သစ္စာစောင့်သိမှုကို ပြသကြရမည်ဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များဖြစ်သည့် ရဲဘော်တို့သည်လည်း တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကျရာအခန်းကဏ္ဍကနေ စွမ်းစွမ်းတမံ ထမ်းဆောင်သွားကြပြီး တပ်မတော်က ယုံကြည်အားထားဂုဏ်ယူရသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် သူနာပြုနှင့် ဆေးဘက်ပညာကျွမ်းကျင်သူများဖြစ်အောင် ကြိုးစားတည်ဆောက်သွားကြရန်လိုကြောင်း။

သူနာပြုစိတ်ဓာတ်ပြည့်ဝပြီး ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသည့်သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာကျွမ်းကျင်သူများဖြစ်အောင် ဆက်လက်လေ့ကျင့် ဖြည့်ဆည်းသွားကြရန်၊တပ်မတော်သား မိသားစုဝင်များကိုသာမက ပြည်သူလူထုတစ်ရပ်လုံးကို ပြည့်စုံလုံလောက်သည့် ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် သူနာပြုများ ခံယူကျင့်သုံးအပ်သည့် အဓိဋ္ဌာန်ပြုကတိသစ္စာ ၉ ချက်နှင့်အညီ စောင့်ထိန်းလိုက်နာသွားကြရန်၊ နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုများကို ဆင်ခြင်သုံးသပ်ပြီး တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးကို မြဲမြံခိုင်မာအောင် တည်ဆောက်သွားကြရန်၊ စိန်ရတုဆေးတပ်ဖွဲ့နေ့တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ကောင်းမြတ်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း သည် ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့်ဆေးဘက်ပညာသိပွဲ့ဘွဲ့သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပွဲ့ဘွဲ့ သင်တန်းအမှတ်စဉ် (၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်း သူနာပြုများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းသူနာပြုများများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရိုးရောဂါ အထူးကုဆေးရုံကြီး-ရန်ကုန် တိုးချဲ့ ၅ ထပ် ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အရိုးရောဂါ အထူးကုဆေးရုံကြီး -ရန်ကုန် တိုးချဲ့ ၅ ထပ် ကုသဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရိုးရောဂါ အထူးကုဆေးရုံကြီး-ရန်ကုန် တိုးချဲ့ ၅ ထပ်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ အဆိုပါဆေးရုံကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အငြိမ်းစား ဆေးပညာရှင်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြား ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တိုးချဲ့ ၅ ထပ်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

## စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တိုးချဲ့ ၅ ထပ် ဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေချိန်တွင် နိုင်ငံတော်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်လျက်ရှိကြောင်း၊ **"လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိဆိုသည့်"** နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဓိကတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း၊ စတုတ္ထလှိုင်း ရောဂါကူးစက်မှု အဆိုးရွားဆုံးကာလအတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရှိသမျှလူ့စွမ်းအား၊ ပစ္စည်းစွမ်းအား၊ ဉာဏစွမ်းအားများနှင့် ဆောင်ရွက်ခဲ့သည်ကိုလည်း အားလုံး တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့အတွက် စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးတည်ဆောက်ရေး ဆောင်ရွက်ချိန်တွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေးမှာ အဓိကအခြေခံကျလျက်ရှိကြောင်း၊ ထိုသို့ မွေးထုတ်ပေးနိုင်ရန်အတွက် ကျန်းမာရေး ကောင်းမွန်ကြရန်လိုပြီး ကျန်းမာ၊ ကြံ့ခိုင်မှ ဘဝအတွက် လိုအပ်သည့် အသိပညာ၊ အတတ်ပညာများကို ကောင်းမွန်စွာ သင်ယူဆည်းပူးနိုင်မည်ဖြစ်ကာ နိုင်ငံတော်နှင့် မိမိတို့၏ ကိုယ်ကျိုးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျ ဆက်လက်စီမံဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

## အဆင့်မီတည်ဆောက်ထား

၂၀၂၀ ပြည့်နှစ်မှ စတင်ကာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုများကြောင့် နိုင်ငံအားလုံးသည် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပြီး စီးပွားရေး၊ ပညာရေးသာမက ဆေးကုသရေးလုပ်ငန်းများတွင်လည်း ကပ်ရောဂါဖြစ်ပွားမှုကြောင့် နှောင့်နှေးခဲ့ရကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း အရှိန်အဟုန်နှင့် ဆောင်ရွက်နေရသည့် လုပ်ငန်းများ နှောင့်နှေးခဲ့ရကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာ တစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် လုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများနှင့် ပြန်လည်ကုစားရာတွင် ကျန်းမာရေးကဏ္ဍရှိ နှောင့်နှေးခဲ့ရသည့် ပုံမှန် ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကုသရေး လုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ ဆေးပညာသင်ကြားရေးလုပ်ငန်းများကို အင်အားပြည့် ဆောင်ရွက်နိုင်ကြရန်အတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ပြည်သူလူထုအပေါ် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များ ထပ်မံတိုးချဲ့ဖွဲ့စည်းပေးခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင်လည်း ခရိုင်အဆင့် ကုသရေးဦးစီးဌာန ရုံး ၄၈ ရုံးအထိ တိုးမြှင့်ခွင့်ပြုထားရှိပြီးဖြစ်သည့်အတွက် စနစ်တကျ ကြပ်မတ်မှုများ ဆောင်ရွက်ပါက ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်မှု ပိုမိုပေးနိုင်မည့် နယ်မြေသည်လည်း ပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် ပြည်သူ့ဆေးရုံပေါင်း ၁၁၇၈ ရုံ ဖွင့်လှစ်ခွင့်ပြုထားရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ဆေးရုံစုစုပေါင်း ၈၃ ရုံ ခွင့်ပြုထားရာ လူဦးရေထူထပ်မှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုတို့ကြောင့် လူနာများ လွှဲပြောင်းလက်ခံဆောင်ရွက်နိုင်သည့် ဗဟိုအဆင့် အထူးကုဆေးရုံ ၁၀ ရုံ ဖွင့်လှစ်ပြီး ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူ ဆောင်ရွက်စဉ်ကာလအတွင်း ဆေးရုံ အဆောက်အဦသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့မှုအနေဖြင့် ရန်ကုန်မြို့ ဝေဘာဂီအထူးကုဆေးရုံကြီးမှာပင် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့သည့် ခုတင် (၁၀၀) ဆံ့ ဆေးရုံသစ်ကြီးသည် ကိုဗစ်-၁၉ ရောဂါအပါအဝင် ကူးစက်ရောဂါများကို ကုသပေးနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ ကုသခန်းများပါဝင်ပြီး မကြာသေးမီကဖွင့်လှစ်ခဲ့သည့် ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့ ၉ ထပ် ကုသဆောင်သည်လည်း ခေတ်မီအဆောက်အဦဖြစ်ရုံသာမက လူနာများ စိတ်အေးချမ်းစွာ ကုသမှုခံယူနိုင်အောင် ရှုထောင့်ပေါင်းစုံမှ စဉ်းစားကာ အဆင့်မီတည်ဆောက်ထားရှိကြောင်း။

ဆေးရုံသမိုင်းကြောင်းအရ အရိုးရောဂါအထူးကုဆေးရုံကြီး-ရန်ကုန်ကို ၁၈၉၅ ခုနှစ်တွင် မသန်စွမ်းနှင့် အနာကြီးရောဂါကုဂေဟာအဖြစ် စတင်ထူထောင်ဖွင့်လှစ်ခဲ့ကာ ၁၉၇၆ ခုနှစ်တွင် အရိုးရောဂါကုဆေးရုံအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ခုတင် (၃၀၀) ဆံ့ ဆေးရုံအဖြစ် ခါးရိုးပိုင်းဆိုင်ရာ ခွဲစိတ်ကုသခြင်း၊ လက်ပိုင်းဆိုင်ရာ အနုစိတ်ခွဲစိတ်ကုသခြင်း၊ ဒူးဆစ်ရိုး၊ ပေါင်ထိပ်ရိုး၊ အစားထိုးကုသခြင်းနှင့် အထွေထွေ အရိုးရောဂါကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးဝန်ထမ်းများ အင်အားပြည့် ထမ်းဆောင်နိုင်ရေးအတွက်လည်း လက်ထောက်ဆရာဝန်သစ်များ ခန့်ထားခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ သူနာပြုသစ်များ ခန့်အပ်ခြင်း၊ ဆေးဘက်ကျွမ်းကျင် သင်တန်းများ၊ အကူသူနာပြုသင်တန်းများ ဖွင့်လှစ်ခြင်း၊ ဘာသာရပ်ဆိုင်ရာ အထူးကု ဆရာဝန်များ တိုးတက်လာအောင် ဘွဲ့လွန်သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ခြင်းတို့ကို ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လုပ်ငန်းခွင်သာယာရေးအတွက် ယခုကဲ့သို့ ဆေးရုံအဆောက်အဦအသစ်များ ဆောက်လုပ်ပေးခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ ဝန်ထမ်းများအတွက် ရရှိသင့်သည့်ချီးမြှင့်ငွေများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုအဆောက်အဦကို အချိန်မီနှင့် သတ်မှတ်အရည်အသွေးများနှင့် ပြည့်မီအောင် ပံ့ပိုးဆောင်ရွက်ပေးကြသည့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အရိုးရောဂါ အထူးကုဆေးရုံကြီး-ရန်ကုန်မှ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားမှသည် ပြည်သူများ အားထားယုံကြည်ရသည့် အထူးကု ဆေးရုံကြီးအဖြစ် ဆက်လက်ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန်နှင့် အထူးကုဆေးရုံကြီး၏ အဆောက်အဦ သစ်လွင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးဝန်ဆောင်မှု ကောင်းမွန်ခြင်းနှင့် ဆေးရုံသစ်ကြီး၏ အတွင်း/အပြင် ပတ်ဝန်းကျင်ကောင်းမွန်ခြင်း စသည့်အခြေအနေကောင်းများကို ဆေးရုံအုပ်ကြီးနှင့်တကွ ကျန်းမာရေးဝန်ထမ်းများအားလုံးက မိသားစုစိတ်ဓာတ်ဖြင့် စုစည်းညီညွတ်စွာ ရေရှည်တည်တံ့ခိုင်မြဲရေး စနစ်တကျထိန်းသိမ်းကြရန်လိုကြောင်း ပြောကြားသည်။

## လွှဲပြောင်းပေးအပ်

ထို့နောက် အဆောက်အဦနှင့် ပတ်သက်သည့် မှတ်တမ်းများအား ဆောက်လုပ်ရေး အထူးအဖွဲ့ (၁) မှ ညွှန်ကြားရေးမှူးချုပ်က လွှဲပြောင်းပေးအပ်ရာ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းထံ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပါမောက္ခချုပ် ဒေါက်တာ သီတာလှက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တိုးချဲ့ ၅ ထပ်ဆောင်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

“နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပက ပါဝင်နေသမျှ ကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်ပါတယ်။ တခြားပြည်ပနိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။”

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၂-၅-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**



ပြည်ထောင်စုတိုင်းရင်းသားများ ဓာတ်ပုံ – စိုင်းထွန်းနေလှိုင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံ- ကျုံကဒွန်း- ဒေါ်ညိမ်း- အမာလမ်းပေါ်ရှိ ဒေးဒလူတံတားဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၂၉

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ညိမ်း-အမာလမ်း ပေါ်ရှိ ဒေးဒလူတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါ တံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများ၊ ဒေသခံ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

**ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် လူတန်းစေ့နေနိုင်ရန် အခြေခံအဆောက်အဦဖြစ်သော ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ပါဝင်သည့် လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်း လမ်း၊ တံတားများ ကောင်းမွန်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး လုံခြုံချောမွေ့မှသာ တိုင်းရင်းသားပြည်သူများ အပြန်အလှန်ကူးလူးဆက်သွယ် သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် လိုအပ်ချက်များထဲမှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူ လျင်မြန်ခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍဖြစ်သည့်အတွက် မြို့ပြဒေသများသာမက ဝေးလံခေါင်းပါးသည့် ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာငွေများ သုံးစွဲရာတွင် လေလွင့်မှုမရှိစေရေး၊ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် အရည်အသွေး ကောင်းမွန်ရေး၊ ဒေသအတွက် အကျိုးဖြစ်ထွန်းမှုရှိ/မရှိ ထောက်ပြဝေဖန်ပေးကြပါရန်နှင့် တည့်မတ်ပေးရန်တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုကြောင်း။

**အချိန်တိုအတွင်းသွားလာနိုင်**

ရောဝတီတိုင်းဒေသကြီးသည် ရောဝတီမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ မြန်မာပြည်၏ ဆန်စပါးအဓိကထွက်ရှိရာ ဒေသကြီးလည်း ဖြစ်ကြောင်း၊ မြေဆီဩဇာကြွယ်ဝသော မြေနုကျွန်းများ ဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ရေထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေချိုငါးဖမ်းလုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ဆားလုပ်ငန်း၊ သင်ဖြူးသင်ဖျာလုပ်ငန်းနှင့် နိုင်ငံခြားဧည့်သည်များ စိတ်ပါဝင်စားသည့် ပုသိမ်ထီးလုပ်ငန်းများ တည်ရှိသော တိုင်းဒေသကြီးဖြစ်ကြောင်း၊ ယခင်လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရေကြောင်းလမ်းကိုသာ အဓိကအားထားခဲ့ရသော်လည်း ယခုအခါ တိုင်းဒေသကြီး၏ ဒေသအသီးသီးသို့ ကုန်းလမ်းခရီးဖြင့် အချိန်တိုအတွင်း လွယ်လင့်တကူ သွားလာနိုင်ရန်အတွက် လမ်းများဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ယနေ့ဖွင့်လှစ်လိုက်သည့် ဒေးဒလူတံတားသစ်ကြီးသည် ယခင်က တည်ဆောက်ထားပြီး ခံနိုင်ဝန် ငါးတန်သာရှိသည့် ပေ ၄၀၀ အရှည်ရှိ တစ်လမ်းမောင်း ဘေလီတံတားအစား ယာဉ်တစ်စီးချင်း ခံနိုင်ဝန်တန် ၆၀ ရှိသည့် သံကူကွန်ကရစ်တံတားသစ်ကြီးအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတည်ဆောက် ပြီးစီးခဲ့သည့် ဒေးဒလူတံတားသည် အရှည်ပေ ၈၇၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ သံကူကွန်ကရစ်တံတားဖြစ်ပါကြောင်း စုစုပေါင်းငွေကျပ် သန်း ၄၂၈၀ ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဒေးဒလူတံတားကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် အမာမြို့နယ်မှ ဖျာပုံမြို့နယ်နှင့် ပုသိမ်မြို့များသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး အဆိုပါဒေသထွက်ကုန်များကို ရန်ကုန်မြို့သို့ ပို့ဆောင်၍ ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချ သွားနိုင်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက ဒေးဒလူတံတား တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေးဒလူတံတားကြီး တည်ဆောက်မှုနှင့် ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည် ။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် တံတားဖွင့်ပွဲအခမ်းအနား အပိုင်း (၂) အစီအစဉ်အရ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီး တင်ဇော်ထွန်းတို့က တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒေးဒလူတံတားကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဧည့်သည်တော်များက ဒေးဒလူတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ မြစ်သားမြို့နယ် တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲတက်ရောက်




**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် တေစိုးကျေးရွာအနီးရှိ အဆိုပါဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်ရခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက စက်ရုံတည်ဆောက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် Green Power Energy Co.,Ltd မှ တာဝန်ရှိသူက ကျေးဇူးတင်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် Green Power Energy Co.,Ltd မှ တာဝန်ရှိသူတို့က တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်နှင့် ဦးစိုင်းလုံးဆိုင်တို့က တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာ မော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

**၄၀၆၉၃ ရွာ လျှပ်စစ်ဓာတ်အားရရှိ**

ယခု တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်အင်အားမှာ ၂၀ မဂ္ဂါဝပ်ဖြစ်ကာ မြန်မာနိုင်ငံတွင် တတိယမြောက် အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် စီမံကိန်းတစ်ခုဖြစ်ပြီး အဆိုပါစီမံကိန်းမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ အိမ်ထောင်စုပေါင်း ၂၁၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အတွင်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအထိ တစ်နိုင်ငံလုံးရှိ မြို့ပေါင်း ၅၀၈ မြို့၊ ကျေးရွာပေါင်း ၄၀၆၉၃ ရွာ လျှပ်စစ်ဓာတ်အား ရရှိခဲ့ပြီး အိမ်ထောင်စုပေါင်း ၆၉၅၆၂၉၅ စုကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်၍ မြန်မာတစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အား ရရှိမှုအချိုးအနေဖြင့် နိုင်ငံ့လူဦးရေ၏ ၆၄ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ၁၀၀ ရာခိုင်နှုန်းပြည့် လျှပ်စစ်မီးရရှိအောင် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်နှင့် စာပေအနုပညာပြပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဂုဏ်ထူးဆောင် ဘွဲ့၊ တံဆိပ် ချီးမြှင့်ခံရသူများ တက်ရောက်ကြည့်ရှုအားပေး






**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ နောက်ဆုံးနေ့အဖြစ် ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC II) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ကြိုဆိုနှုတ်ဆက်**

မွန်းလွဲပိုင်းတွင် လူငယ်နှင့် စာပေအနုပညာပြပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ လာရောက်ကြည့်ရှု လေ့လာရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး ဒေါ်ခင်ဆွေဝင်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ၏ ပထမဆုံး 3D ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည့် ကြီးမြတ်သော မြန်မာမှတ်တမ်းရသ ရုပ်ရှင်ဇာတ်ကားကြီး အောင်မြင်စွာ ရိုက်ကူးနိုင်ရေးအတွက် အသုံးပြုခဲ့သည့် ရိုက်ကူးရေးသုံး နည်းပညာပစ္စည်းများ၊ ရိုက်ကွင်းကြိုတင်ပြင်ဆင်မှုများနှင့် ရိုက်ကွင်းပုံရိပ်များကို လိုက်လံ ရှင်းလင်းပြသသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များဖြစ်ကြသော ဦးခက်ထိန်နန်၊ ဒေါက်တာ ဝုန်ဆွန်းထန်၊ ဦးစောမြင့်ဦး၊ ဦးမျိုးဆွေဝင်း၊ ဦးတင့်လွင်၊ ဦးမြတ်ကျော်၊ ဦးဇော်လင်းထွန်း၊ ဒေါက်တာ အောင်ကျော်မင်း၊ ဒေါက်တာ ကျော်ထွန်း၊ ဂုဏ်ထူးဆောင်ဘွဲ့ တံဆိပ် ချီးမြှင့်ခံရသူများနှင့် မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဧည့်ပရိသတ်များက ပြပွဲဖျော်ဖြေရေးအစီအစဉ်ကို ကြည့်ရှုအားပေးရာ **(အပေါ်ပုံ)** အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ပြည်ထောင်စုကြီး ထာဝရတည်တံ့စေသား" သီချင်းဖြင့် လည်းကောင်း၊ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "သွေးရင်းများပီပီ" သီချင်းဖြင့် လည်းကောင်း၊ အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ပြည်မြန်မာ" သီချင်းဖြင့် လည်းကောင်း၊ အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ပြည်ထောင်စုအင်အား" သီချင်းဖြင့်လည်းကောင်း၊ အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ထာဝရငြိမ်းချမ်းရေး" သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ရာ တက်ရောက်လာကြသူများက တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံကျော် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဒိန်းဒေါင်က ကျောင်းသားကျောင်းသူများနှင့်အတူ "စိန်ရတုမှသည် ကမ္ဘာတည်သရွေ့" သီချင်းနှင့် ဗိုလ်အောင်ဒင် သီချင်းတို့ဖြင့် လည်းကောင်း၊ နိုင်ငံကျော်ဟာသ သရုပ်ဆောင် ချစ်စုနှင့် ပန်းသော်တာ တို့က "အထွတ်အမြတ်တွေးတဲ့ လွတ်လပ်ရေး" သီချင်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက "ငြိမ်းချမ်းပါပြီ မြန်မာပြည်" သီချင်းဖြင့် လည်းကောင်း ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ရာ ဧည့်ပရိသတ်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုဆုငွေချီးမြှင့်**

ထို့နောက် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးချုပ်များက ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ကြီးမြတ်သော မြန်မာ မှတ်တမ်းရုပ်ရှင်အား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့်ခြင်းခံရသူများနှင့် မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ဧည့်ပရိသတ်များက စိတ်ဝင်စားစွာ ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ချီတက်ဂုဏ်ပြုမည့်ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ချီတက်ဂုဏ်ပြုမည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော် ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သည် မြန်မာနိုင်ငံအတွက် အထူးအရေးပါသည့် ဂုဏ်ယူဖွယ်ရာနေ့ထူးနေ့မြတ်ဖြစ်ပြီး (၇၅) နှစ်ဆိုသည့် စိန်ရတုအချိန်အခါနှင့် တိုက်ဆိုင်မှုမှာလည်း ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါအခမ်းအနားတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုယာဉ်နှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းတွင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်၍ ဂုဏ်ပြုယာဉ်နှင့် ပြခန်းများတွင် စနစ်တကျ ခင်းကျင်းပြသနိုင်ရေးအတွက် ဝန်ထမ်းအားလုံး စုစည်းညီညွတ်စွာ ကြိုးပမ်းသွားကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဂုဏ်ပြုယာဉ်နှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းတွင် ပါဝင်ဆောင်ရွက်ကြမည့် ဝန်ကြီးဌာန ဝန်ထမ်းအားလုံး သက်ဆိုင်ရာကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုဝတ်စုံများ ပေးအပ်ရာ ဝန်ထမ်း ကိုယ်စားလှယ်တို့က လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ကြသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား၌ ဝန်ကြီးဌာနကိုယ်စားပြု အထိမ်းအမှတ်ပြခန်း ခင်းကျင်းပြသခြင်းနှင့် ဝန်ကြီးဌာန ကိုယ်စားပြုဂုဏ်ပြုယာဉ်နှင့် သရုပ်ပြဂုဏ်ပြုချီတက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ တတိယလုပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား) ပြိုင်ပွဲ တတိယလုပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။**



အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အရာထမ်း/ အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဖူဆယ် (အမျိုးသား) ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး - သုံးဂိုးဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဖူဆယ် (အမျိုးသား) ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကို လည်းကောင်း၊ တတိယဆုရရှိသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တစ်ဦးချင်း ဆုဆွဲပြားနှင့် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က တစ်ဦးချင်းဆု ဆွဲပြားနှင့် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကို လည်းကောင်း၊ ပထမဆုရရှိသော အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တစ်ဦးချင်းဆု ဆွဲပြား၊ ဂုဏ်ပြုဆု ငွေကျပ်သိန်း ၂၀ နှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား) ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိဖူဆယ်အားကစားရုံ၌ ဝန်ကြီးဌာနအသီးသီးမှပြိုင်ပွဲဝင်အမျိုးသား အသင်း ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲများ ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသား ကြက်တောင်အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲကို နေ့စဉ်နံနက် ၉နာရီမှစ၍ သတ်မှတ်ပွဲစဉ်များ ပြီးဆုံးသည်အထိ ပြိုင်ပွဲဝင် အမျိုးအစား အသက် ၉ နှစ်နှင့်အောက် ယောကျ်ားလေး တစ်ဦးချင်းပြိုင်ပွဲ၊ ယောကျ်ားလေးနှစ်ယောက်တွဲပြိုင်ပွဲ၊ မိန်းကလေး တစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၁ နှစ်နှင့်အောက် ယောကျ်ားလေး တစ်ဦးချင်းပြိုင်ပွဲ၊ ယောကျ်ားလေး နှစ်ယောက်တွဲ ပြိုင်ပွဲ၊ မိန်းကလေးတစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၃ နှစ်နှင့်အောက် ယောကျ်ားလေး တစ်ဦးချင်းပြိုင်ပွဲ၊ ယောကျ်ားလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ မိန်းကလေး တစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၅ နှစ်နှင့်အောက် ယောကျ်ားလေး တစ်ဦးချင်းပြိုင်ပွဲ၊ ယောကျ်ားလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ မိန်းကလေးတစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၇ နှစ်နှင့်အောက် ယောကျ်ားလေး တစ်ဦးချင်းပြိုင်ပွဲ၊ ယောကျ်ားလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ မိန်းကလေး တစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၉ နှစ်နှင့်အောက် ယောကျ်ားလေး တစ်ဦးချင်းပြိုင်ပွဲ ၊ ယောကျ်ားလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ မိန်းကလေး တစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲများ၊ သာမန်တန်း အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ သာမန်တန်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ သာမန်တန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်း အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်း အမျိုးသား + အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ၊ ဝါသနာရှင်တန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ ဝါသနာရှင်တန်း အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများ၊ သက်ကြီးတန်း နှစ်ယောက်ပေါင်း (၇၀)နှစ်၊ သက်ကြီးတန်း နှစ်ယောက်ပေါင်း (၉၀)နှစ်၊ သက်ကြီးတန်း နှစ်ယောက်ပေါင်း (၁၀၀)နှစ်၊ သက်ကြီးတန်း နှစ်ယောက်ပေါင်း (၁၁၀) နှစ်များ၊ အကြီးတန်း (ကျား)တစ်ဦးချင်း၊ အကြီးတန်း (မ) တစ်ဦးချင်း၊ အကြီးတန်း (ကျား) နှစ်ယောက်တွဲ၊ အကြီးတန်း (မ) နှစ်ယောက်တွဲ၊ အကြီးတန်း(ကျား+မ) နှစ်ယောက်တွဲပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ရာ စုစုပေါင်း ပွဲစဉ် ၆၉၇ ပွဲဖြစ်ပြီး ပြိုင်ပွဲဝင် အားကစားသမားများ ၅၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရသဖြင့် မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **အားကာမောင်**

## ကြံခင်းမြို့နယ်၌ တောင်သူများအား သွင်းအားစုများပေးအပ်

**ကြံခင်း ဒီဇင်ဘာ ၂၉**

ကြံခင်းမြို့နယ်၌ နိုင်ငံစီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လိုအပ်သောသွင်းအားစုများ ပေးအပ်ပွဲကို ယမန်နေ့က ကြံခင်းမြို့ရောဦးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်က ကြံခင်းမြို့နယ်အတွင်း ပဲတီစိမ်း ဧက ၃၅၀၀ နှင့် နှမ်းစပါးဧက ၅၃၄ ဧကအတွက် နိုင်ငံစီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ဧကများအတွက် တစ်ဧကလျှင် ၁၂၀၀၀၀ နှုန်းဖြင့် ညီမျှသော ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖြန်းမြေဩဇာ၊ နှမ်းစပါးစိုက် ဧကများအတွက် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့်ညီမျှသော ယူရီးယားဓာတ်မြေဩဇာ၊ ကွန်ပေါင်းဓာတ်မြေဩဇာ များ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့်ကလေးများ၊ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသူများဖြင့် အထူးစည်ကား



**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ စတုတ္ထနေ့ကိုနေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ဆက်လက်ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးများနှင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ကပြဖျော်ဖြေကြမည့် ယဉ်ကျေးမှုအကအဖွဲ့များ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားခဲ့သည်။

ယနေ့သည် ပြပွဲနောက်ဆုံးနေ့ဖြစ်သည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးပြခန်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြခန်း၊ သစ်တောသစ်ပင်ဆိုင်ရာ အသိပညာပေးပြခန်း၊ နည်းပညာတက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှု ပြခန်းများ၊ ကိုဗစ် - ၁၉ ကပ်ရောဂါဆိုင်ရာအသိပညာပေးနှင့် ဆေးလိပ်/ဆေးရွက်ကြီးနှင့် ကွမ်းစားခြင်းအန္တရာယ် အသိပညာပေးပြခန်းတို့ကို စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကားခဲ့သည်။

ပြပွဲမျက်နှာစာရှေ့၌ နေပြည်တော်ရဲတပ်ဖွဲ့က "မူးယစ်ဆေးဝါးကင်းစင်ဖို့ အသိပညာဖြန့်ဝေစို့" ဆောင်ပုဒ်ဖြင့် မှုခင်းအသိပညာပေးပြခန်းယာဉ်ကို ပြသထားရှိ၍ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းဖော်ထုတ်နိုင်မှုများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စွမ်းရည်တိုးတက်မြင့်မားရေးဆောင်ရွက်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ကာတွန်းပုံများ၊ လောင်းကစားပြစ်မှုပြစ်ဒဏ်များ၊ သိသင့်သိထိုက်သောဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုပြစ်မှုပြစ်ဒဏ်များကို ပြသထားသည့်အပြင် ပြည်ထဲရေးဝန်ကြီးဌာနမှ အသုံးပြုလျက်ရှိသည့် အထူးလုံခြုံရေးသုံး အထောက်အကူပစ္စည်းကိုလည်း ပြသထားရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရေကြောင်းပြခန်းတွင် ရေယာဉ်မောင်းနှင်မှုသရုပ်ပြကွက်၊ သင်္ဘော Model ပုံစံငယ်များပြကွက်၊ ရေယာဉ်တည်ဆောက်သည့်အချိန်တွင် အသုံးပြုသည့် ဂဟေဆက်ခြင်း သရုပ်ပြကွက်၊ လေအားဖြင့် မောင်းနှင်သည့် အင်ဂျင်ပုံစံငယ်ပြကွက်၊ သုတေသနပြုလုပ်ထားသည့် ရေငုပ်သင်္ဘောပုံစံငယ်ပြကွက်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကျောင်းပုံစံငယ်ပြကွက်၊ အယောက်၂၀ စီး အသက်ကယ်လှေတွင် ပါဝင်သည့်ပစ္စည်းများ ပြကွက်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ခရီးသည်ဆိပ်ကမ်းပုံစံငယ်ပြကွက်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သုတေသနစာတမ်းများ၊ ရေထုထည်စီးနှုန်းတိုင်းကိရိယာ၊ ဂြိုဟ်တုအခြေပြုတည်နေရာ အနိမ့်အမြင့်တိုင်းကိရိယာတို့ကို ပြသထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် စိန်ရတုလွတ်လပ်ရေးနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြု ပါဝင်ကပြဖျော်ဖြေကြမည့် ယဉ်ကျေးမှုအကအဖွဲ့များဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ကုန်လမ်းပို့ဆောင်ရေးဦးစီးဌာနပြခန်းတွင် ဒီဇယ်အင်ဂျင်သုံး အမောင်းစနစ် ဖြတ်ပိုင်းပုံစံငယ်ပြကွက်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရုပ်ပြများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် ယာဉ်ပုံစံငယ်များပြကွက်တို့ကိုလည်းကောင်း မြန်မာ့မီးရထားပြခန်းတွင် ရန်ကုန်မြို့ပတ်ရထားလမ်း၊ ရထားပြေးဆွဲမှု ပုံစံငယ်ပြကွက်၊ ဒီဇယ်လျှပ်စစ်ခေါင်းပုံစံငယ်၊ ရေနွေးငွေ့စက်ခေါင်းပုံစံငယ်၊ တွဲရှေ့စက်ခေါင်းပုံစံငယ်၊ ကျောက်တင်ဘိုဂီတွဲ ပုံစံငယ်၊ ကုန်တင်ဘိုဂီတွဲပုံစံငယ်တို့ကို ခင်းကျင်းပြသထားရာ လာရောက်လေ့လာကြည့်ရှုကြသူများ စိတ်ဝင်တစားလေ့လာကြည့်ရှုကြသည်ကို တွေ့ရသည်။

ဆိုက်ဘာလုံခြုံရေးပြခန်းတွင် ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်သည့်အသိပညာပေးပိုစတာများ ပြသခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်သည့် အခြေခံပညာ၊ တက္ကသိုလ်၊ ပညာရှင်အဆင့် ဉာဏ်စမ်းပဟေဠိမေးခွန်းများကို ဖြေဆိုကြသူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာ့ဆက်သွယ်ရေးပြခန်းတွင်ပြပွဲသို့လာရောက်လေ့လာကြည့်ရှုသူများကို MPT Sim Card မှတ်ပုံတင်ခြင်း၊ MPT Pay Account ဖွင့်ပေးခြင်းတို့ကိုလည်း ပြုလုပ်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

အဆိုပါပွဲတော်ကြီးသို့ လာရောက်လေ့လာဆင်နွှဲကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ကလေးငယ်များ ဗဟုသုတတိုးပွားစေရန်နှင့် ပျော်ရွှင်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် ဉာဏ်စမ်းပဟေဠိ၊ (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောပဟေဠိ၊ ကျန်းမာရေးဆိုင်ရာ ဉာဏ်စမ်းပဟေဠိနှင့် ကြီးမြတ်သော မြန်မာ 3D ရုပ်ရှင်ဇာတ်ကားအဖွဲ့သားများ၏ ပျော်ရွှင်စရာ ဉာဏ်စမ်းကမ္ဘာအစီအစဉ်များတွင် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် စိန်ရတုလွတ်လပ်ရေးနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြု ပါဝင်ကပြဖျော်ဖြေကြမည့် ယဉ်ကျေးမှု အက အဖွဲ့များက စိတ်အားထက်သန်စွာ ဝင်ရောက်ဆော့ကစား၍ ကစားနည်းအလိုက် အနိုင်ရရှိသူများကိုလည်း ဆုများပြန်လည်ချီးမြှင့်ပေးခဲ့ရာ ပျော်ရွှင်စရာ အစီအစဉ်ကောင်းတစ်ခုအဖြစ် တွေ့မြင်ရသည်။

ပြပွဲတွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး 3D ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သော ကြီးမြတ်သောမြန်မာ မှတ်တမ်းရသရုပ်ရှင်ဇာတ်ကားကြီး အောင်မြင်စွာ ရိုက်ကူးနိုင်ရန်အတွက် အသုံးပြုခဲ့သည့် ရိုက်ကူးရေးသုံးနည်းပညာပစ္စည်းများ၊ ရိုက်ကွင်းကြိုတင်ပြင်ဆင်မှုများ၊ ရိုက်ကွင်းပုံရိပ်များကို ပြည်သူများသိရှိနိုင်စေရန် ပြသထားရာ လာရောက်လေ့လာကြသူများက ရိုက်ကူးရေးသုံးပစ္စည်းများနှင့် အမှတ်တရဓာတ်ပုံများရိုက်ကြပြီး ပြကွက် များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုလည်း အနုပညာရှင်များက လိုက်လံရှင်းလင်းပြသကြသည်ကို တွေ့ရသည်။

ဧရာဝတီတိုင်းဒေသကြီး ဒေသထွက်ကုန်အစားအစာနှင့် အမှတ်တရပစ္စည်းအရောင်းပြခန်း၌လည်း ပုသိမ်ထီး လက်တွေ့ပြုလုပ်ပုံအဆင့်ဆင့်ကို လက်မှုပညာရပ် တစ်ခုအနေဖြင့် ပြသပြီး ဒေသထွက်အစားအစာများဖြစ်သော ပုသိမ်ဟလဝါ၊ ခြံထွက်နွားနို့၊ ဒိန်ချဉ်၊ ငှက်ပျောကြော်နှင့် ပုသိမ်ထီးများကိုလည်း ရောင်းချခဲ့ရာ လာရောက်အားပေးဝယ်ယူသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ယခုကျင်းပခဲ့သည့် လူငယ်နှင့်စာပေအနုပညာပြပွဲအား ကျောင်းသား ကျောင်းသူများနှင့်လူငယ်များ စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီ လက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသ အလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာန အသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

**သတင်း - ဟိန်းမင်းစိုး၊ သန်းမင်းအောင်**
**ဓာတ်ပုံ - ကိုကြီးထိန်**

## "တူယှဉ်နွဲပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ်(၁၈) Grand Final ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှစတင်ပြီး အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်တွင် ပွဲစဉ်(၁၈)ကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီ ချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က လည်းကောင်း၊ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် လည်းကောင်း ဆက်လက်ဆောင်ရွက်ကြမည် ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ဦးအား အကဲဖြတ်ဒိုင်များ၏ ရွေးချယ်မှုဖြင့် ပြိုင်ပွဲဝင်၁၀ ဦးအား စိစစ်ရွေးချယ်ခဲ့ရာမှ ယခုအခါ Grand Final ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင် သုံးဦး ပေါ်ထွက်လာပြီဖြစ်၍ ဒီဇင်ဘာ ၃၀ ရက် သောကြာနေ့ညတွင် ပြဋ္ဌာန်းတေးသီချင်းနှင့် စိတ်ကြိုက်တေးသီချင်းသီဆိုမှုတို့ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး Result Show ကိုလည်း တစ်ဆက်တည်း ကျင်းပမည်ဖြစ်ရာ MRTV - HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level-2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ပေးပို့မှု ၇၀ ရာခိုင်နှုန်းဖြင့် သတ်မှတ်ဆောင်ရွက်ခဲ့ရာ Grand Final အတွက်လည်း ပြိုင်ပွဲဝင်များဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MF03)၊ နေပြည်တော်မှ ပူတူး (MF09)နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့အား ပြည်တွင်းတယ်လီ ဖုန်း Operator များမှတစ်ဆင့် Code No 7575 သို့ ပြိုင်ပွဲဝင်၏ MF နံပါတ်ကိုရိုက်နှိပ်၍ ပထမဆုံးပြိုင်ပွဲဝင် စတင်သီဆိုချိန်မှ နောက်ဆုံးပြိုင်ပွဲဝင် သီဆိုပြီးချိန်အထိ SMS အရေအတွက် အကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည် ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**



# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ စတုတ္ထနေ့ဓာတ်ပုံမြင်ကွင်း




(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ကျောင်းသား ကျောင်းသူများက ကပြဖျော်ဖြေစဉ်။




ပြန်ကြားရေးဝန်ကြီးဌာန ပြခန်းအတွင်း ရိုက်ကူးထုတ်လွှင့်မှု အစီအစဉ်အား ကျောင်းသူများက ကိုယ်တိုင်ပါဝင်ရိုက်ကူးစဉ်။



ပညာရေးဝန်ကြီးဌာန ပြခန်းအတွင်း ခင်းကျင်းပြသထားသော ပစ္စည်းများအား ကျောင်းသား ကျောင်းသူ လူငယ်လေးများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုစဉ်။



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်းအတွင်း ခင်းကျင်းပြသထားသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပုံ အဆင့်ဆင့် ပြန်နီးငယ်များအား ကျောင်းသား ကျောင်းသူများက မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ယူစဉ်။



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြခန်းအတွင်း ခင်းကျင်းပြသထားသော ဗီနိုင်းပိုစတာများအား ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက လေ့လာကြည့်ရှုစဉ်။



ကြီးမြတ်သောမြန်မာ မှတ်တမ်းရသ ရုပ်ရှင်ဇာတ်ကားကြီးအတွင်း ပါဝင်ခဲ့သော ရိုက်ကူးရေးပစ္စည်းများအား ဌာနဆိုင်ရာဝန်ထမ်းများက လေ့လာကြည့်ရှုစဉ်။



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြခန်းအား ကျောင်းသား လူငယ်လေးများနှင့် ဆရာမများက လာရောက်ကြည့်ရှုလေ့လာစဉ်။



ပုသိမ်ထီးအရောင်းပြခန်းအား ကျောင်းသား ကျောင်းသူများ၊ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လာရောက်လေ့လာကြည့်ရှုစဉ်။



ကြီးမြတ်သောမြန်မာ မှတ်တမ်းရသ ရုပ်ရှင်ဇာတ်ကားကြီး သမိုင်းကြောင်းကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားစဉ်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၇)တို့မှ သင်တန်းဆင်းသင်တန်းသား၊ သင်တန်းသူများကို ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ သူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၂၀) နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၇)တို့မှ သင်တန်းဆင်းသင်တန်းသား၊ သင်တန်းသူများကို ဆေးဝန်ထမ်းတာဝန် ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ကျောင်း ဆင်းသင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်၌ နေရာယူကြပြီးနောက် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးမင်းဦးက ကျောင်းဆင်းသင်တန်းသား သင်တန်းသူတစ်ဦးချင်းစီကို ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ပညာရေးအဖွဲ့ အစည်းအဝေးကျင်းပပြီး ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်ပြီး သတ်မှတ်နေရာများတွင် နေရာယူကြကာ မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ သက်ဆိုင်ရာဌာနများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့ ၅၃ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ ငါးဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ)ငါးဦး၊ ဓာတ်မှန် နှင့်ပုံရိပ်ဖော်နည်းပညာ ငါးဦး၊ ခန္ဓာသန်စွမ်းမှုနည်းပညာ ငါးဦး၊ ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ နှစ်ဦး စုစုပေါင်း ၇၅ ဦးတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ **(အောက်ပုံ)**

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရသူများအား ဘွဲ့များနှင့် လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာကြသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ယနေ့အထိ သူနာပြုပါရဂူဘွဲ့ ၂၈ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ ၂၇၈ ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၄၂၉ ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့ ၂၀၄ ဦး၊ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ၁၁၃ ဦး၊ ဆေးဘက်ဆိုင်ရာအသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်း နည်းပညာဒီပလိုမာဘွဲ့ ၁၆ ဦး၊ အထူးကြပ်မတ်သူနာပြုစုမှုဒီပလိုမာဘွဲ့ ၂၂ ဦး၊ ခွဲစိတ်ခန်းသူနာပြုစုမှု ဒီပလိုမာဘွဲ့ ၆၅ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၃၂၆၉ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ ၂၁၈ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့ ၆၄၉ ဦး စုစုပေါင်း ၅၂၉၁ ဦးတို့အား ဘွဲ့များအပ်နှင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာ နည်းပြအရာရှိများ နိုင်ငံတကာအဆင့်မီအတတ်ပညာများ ရရှိရေးအတွက် ပြည်ပသင်တန်းများ တက်ရောက်စေလွှတ်ခဲ့ရာ ၁၉၉၈ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသူအရာရှိတစ်ဦး၊ ၁၉၉၉ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသူအရာရှိနှစ်ဦး၊ ၂၀၀၁ ခုနှစ်တွင် သူနာပြု ပါရဂူဘွဲ့အတွက် သင်တန်းသူအရာရှိနှစ်ဦးနှင့် သူနာပြုမဟာသိပ္ပံဘွဲ့အတွက် သင်တန်းသူ အရာရှိရှစ်ဦးတို့အား ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့ စေလွှတ်ပညာသင်ကြားစေခဲ့ပြီး အဆိုပါသင်တန်းသူအရာရှိ ၁၃ ဦးအား La Trobe တက္ကသိုလ်မှဘွဲ့အပ်နှင်းသည့် အခမ်းအနားကို ၂၀၀၄ ခုနှစ်တွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသားအရာရှိ တစ်ဦးကို ထိုင်းနိုင်ငံ Burapha University သို့ စေလွှတ်ပညာသင်ကြားစေခဲ့သည်။

အလားတူ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းဆင်းအထက်တန်းသူနာပြုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့သူနာပြုစုမှု သင်တန်းသို့လည်းကောင်း၊ စင်ကာပူနိုင်ငံ National University Hospital တွင် နှလုံးရောဂါ အထူးကြပ်မတ်ကုသမှုသင်တန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့ သင်တန်းများသို့လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ University of Airlangga Mulyorejo Surabaya တက္ကသိုလ်တွင် သူနာပြုမဟာသိပ္ပံဘွဲ့သင်တန်းသို့လည်းကောင်း ပညာတော်သင်စေလွှတ်ကာ တက်ရောက်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင် (၂) ရပ်ကွက်နေ ခင်မောင်သန်း(ခ)ခင်မောင်ချင်းသည် ၎င်းအသုံးပြုသည့် “Khin Maung Thann” Facebook အကောင့်၊ ပျော်ဘွယ်မြို့နယ် မြင်းဘက်ရပ်ကွက်နေ သူဇာမင်းဝင်းသည် ၎င်းအသုံးပြုသည့် “Thuzar Min Win” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သောက်တော်တွင်းရပ်ကွက်နေ ဝင်းမော်မင်းသည် ၎င်းအသုံးပြုသည့် “Win Maw Minn” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်းရှိ

(၂၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၃၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၀၈,၁၀၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၄၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၂၈၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၄) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၆၀ | ၂၀၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၀ | ၂၃၁၀ | ၂၇၆၀ |
| 95 Ron | ၂၀၈၀ | ၂၁၂၅ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၃၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၁၀ | ၂၄၁၀ | ၂၃၇၅ | ၂၄၁၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၄၅ | ၂၄၅၀ | ၂၄၅၀ | ၂၆၇၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၅ | ၂၄၉၅ | ၂၅၂၅ | ၂၅၃၀ | ၂၅၃၀ | ၂၇၅၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၅ | ၂၄၉၅ | ၂၅၂၅ | ၂၅၃၀ | ၂၅၃၀ | ၂၇၅၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၉ | ၁၉၈၁ |
| 95 Ron | ၁၉၇၈ | ၂၀၅၂ |
| HSD (500 ppm) | ၂၂၆၁ | ၂၃၃၅ |
| HSD (50 ppm) | ၂၃၃၄ | ၂၄၁၀ |
| HSD (10 ppm) | ၂၃၃၄ | ၂၄၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ယူနန်ပြည်နယ် ရွှေလီနယ်စပ်ဂိတ်၌ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံများ ပြင်ဆင်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့ ပြည်သူ့အစိုးရ နယ်စပ်ဂိတ်ရုံးခန်းသည် ဒီဇင်ဘာ ၂၁ ရက်မှစ၍ ရွှေလီ နယ်စပ်ဂိတ် Nongdao လမ်းကြောင်း၊ Leiyun လမ်းကြောင်းတို့၏ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံများကို တစ်ဆင့်တိုး ကောင်းမွန်စေရန် ပြင်ဆင်မည်ဟု ကြေညာချက်ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ၏ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးမူဝါဒအပြင် နယ်စပ်ဂိတ်စီမံထိန်းချုပ်ရာ၌ ကပ်ရောဂါမဖြစ်ပွားမီ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖော်ဆောင်မည်ဖြစ်သည်။ နယ်စပ်ဂိတ်တွင် နယ်စပ်ဖြတ်ကျော်ယာဉ်များကို အစားထိုးယာဉ်မောင်းဖြင့် ပို့ဆောင်သည့်နည်းစနစ် ပယ်ဖျက်မည်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေးလုပ်ငန်းလုပ်ဆောင်သည့် ယာဉ်မောင်းများသည် တရားဝင်သက်တမ်းရှိသည့်လက်မှတ်များ ကိုင်ဆောင်ထားရန်လိုအပ်ကြောင်း သိရသည်။


ရွှေလီမြို့ရှိ နယ်စပ်ဂိတ်ရုံးခန်း

ရွှေလီမြို့သည် မြန်မာနိုင်ငံနှင့်ထိစပ်နေပြီး ရွှေလီနယ်စပ်ဂိတ်သည် တရုတ်နိုင်ငံ၏ ပထမဆုံးတံခါးဖွင့်သည့် နိုင်ငံတော်အဆင့် နယ်စပ်ဂိတ်များအနက်မှတစ်ခုဖြစ်ကာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပို့ကုန်သွင်းကုန် ကုန်သွယ်မှု ပမာဏအများဆုံး နယ်စပ်ဂိတ်လည်း ဖြစ်သည်။

**ကိုရိုး**

# နယ်သာလန်၏အကူအညီဖြင့် မြန်မာ့လက်မှုပညာများကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံထုတ် ကြိမ်နှင့် ဝါးအခြေခံ မြန်မာ့လက်မှုပညာ အသုံးအဆောင်များ၊ ယွန်းထည် ပရိဘောဂပစ္စည်းများကို နိုင်ငံတကာနှင့် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်အတွက် Burmacrafts အမည်ရှိ Website ကို လွှင့်တင်ထားပြီး ဝင်ရောက်ကြည့်ရှုခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်နိုင်ကြောင်း သိရှိရသည်။




အဆိုပါ ဝက်ဘ်ဆိုက်ကို နယ်သာလန်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှင့် နည်းပညာများ ပံ့ပိုးပေးထားပြီး မြန်မာ့လက်မှုများကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ ဝက်ဘ်ဆိုက်အတွက် လိုအပ်သည့် လွှင့်တင်မှုများကို မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ စီမံဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါ ဝက်ဘ်ဆိုက်တွင် မြန်မာ့သစ်တောထွက် ကြိမ်နှင့် ဝါးအခြေခံ အိမ်တွင်းပရိဘောဂ၊ အသုံးအဆောင်နှင့် လက်ဆောင်ပစ္စည်းများ၊ အလှဆင်ပစ္စည်းများကို လေ့လာနိုင်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ အလွယ်တကူဝယ်ယူခွင့်ရရှိနိုင်ရန် စီစဉ်ထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံမှ တစ်ဆင့် ပြည်ပသို့ နှစ်စဉ် ယင်းပစ္စည်းများ တင်ပို့လျက်ရှိရာ ပြည်တွင်းဝက်ဘ်ဆိုက်မှတစ်ဆင့် ပိုမိုဖြန့်ချိနိုင်မည်ဟု ယူဆကြောင်း မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**သီရိ**

# တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ရန်ကုန် ဒီဇင်ဘာ ၂၉

**ယခု သီတင်းပတ်အတွင်း ရန်ကုန်ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် ကြက်သွန်နီ၊ စားအုန်းဆီ၊ ငရုတ်၊ မန်ကျည်းသီး၊ မတ်ပဲနှင့် ပဲစင်းငုံများ ဈေးနှုန်းကျဆင်းနေသည်။ မန်ကျည်းစားစင်း အသစ် တစ်ပိဿာကျပ် ၁၉၀၀ နှုန်းသာရှိသည်။**

## ကြက်သွန်နီ

ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်သို့ နယ်စုံမှ ကြက်သွန်နီ ပိဿာချိန် ငါးသိန်းတစ်သောင်း ဝင်ရောက်ခဲ့ပြီး ဈေးနှုန်းအကျဘက်တွင်သာရှိသည်။ မြင်းခြံနှင့် မြစ်သားနယ်တို့မှ ကြက်သွန်နီ အများဆုံးဝင်ရောက်ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် မြင်းခြံကြက်သွန်နီ လက်ကားတစ်ပိဿာ ကျပ် ၁၇၅၀–၂၂၀၀–၂၄၀၀–၂၅၀၀၊ မြစ်သား ကျပ် ၂၃၀၀– ၂၇၀၀ –၂၈၀၀ နှုန်းရှိသည်ဟု သိရသည်။ မန္တလေးဈေးကွက်၌ ဒီဇင်ဘာ ၂၈ ရက်တွင် မြစ်သားအမြင့်ဆုံးတစ်ပိဿာ ကျပ် ၂၂၀၀ နှုန်းရှိပြီး၊ မြင်းခြံဈေးကွက်တွင် ကြက်သွန်နီ ပိဿာချိန် ၁၃၇၀၄၀ ဝင်ရောက်ပြီး အမြင့်ဆုံးဈေး တစ်ပိဿာ ကျပ် ၂၂၀၀ နှုန်းရှိသည်ဟု သိရသည်။ ပခုက္ကူဈေးကွက်၌ ဒီဇင်ဘာ၂၈ ရက်တွင် ကြက်သွန်နီ ပိဿာချိန် ၉၂၈၀ ဝင်ရောက်ပြီး အမြင့်ဆုံးဈေးမှာ တစ်ပိဿာ ကျပ် ၂၁၀၀ သာရှိသည်။

## ကြက်သွန်ဖြူ/အာလူး

ဒီဇင်ဘာ ၂၈ ရက်တွင် ရှမ်းအောင်ပန်း ကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ကျပ် ၃၇၀၀–၄၃၀၀–၄၈၀၀– ၅၀၀၀၊ ကြူကုတ် ကြက်သွန်ဖြူ ကျပ် ၃၄၀၀ နှုန်းရှိသည်ဟု သိရသည်။ ဒီဇင်ဘာ ၂၈ ရက်တွင် အာလူးပိဿာချိန် ၅၄၀၀၀ ဝင်ရောက်ပြီး ရှမ်းအောင်ပန်းအာလူး လက်ကား တစ်ပိဿာ ကျပ် ၁၇၀၀– ၁၆၅၀–၂၁၀၀၊ တရုတ်အအေးခန်း အာလူး သဲသီးအဟောင်း တစ်ပိဿာ ကျပ် ၂၂၅၀၊ တရုတ်အာလူးအသစ် ကျပ် ၁၇၅၀ နှုန်းရှိသည်ဟု သိရသည်။ စလင်းနယ်ထွက် ပန်းရဲငရုတ်ရှည် လက်ကားတစ်ပိဿာ ကျပ် ၁၄၅၀၀၊ တရုတ် စက ငရုတ်ပွ ကျပ် ၁၃၅၀၀၊ ရှမ်းငရုတ်ရှည် ရှမ်းမိုးထောင်နှင့် နယ်စုံမိုးထောင် လက်ကားတစ်ပိဿာကျပ် ၁၂၀၀၀၊ ဆင်ဖြူကျွန်း ငရုတ်ပွ အသစ် ကျပ် ၁၄၀၀၀–၁၄၅၀၀ နှုန်းရှိသည်ဟု သိရသည်။

## စားအုန်းဆီ

ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ အခြေခံလက်ကား ရည်ညွှန်းဈေး စားအုန်းဆီ တစ်ပိဿာ ကျပ် ၄၃၆၀ ရှိရာ ယခင်အပတ်ထက် တစ်ပိဿာ ၅၅ကျပ်အထိ ဈေးကျလာသည်။ ဒီဇင်ဘာ ၂၈ ရက်တွင် စာရွက် DO ဈေး တစ်ပိဿာ ကျပ် ၅၁၅၀ နှုန်းရှိသည်။ ဒီဇင်ဘာ ၂၈ ရက်တွင် အလှယ်လက်ငင်းပီပါဈေး တစ်ပိဿာ ကျပ် ၅၂၀၀ နှုန်းသာရှိသည်ဟု ညောင်ပင်လေးဆီဈေးကွက်မှ သိရသည်။

## ဆန်

ကောက်ညှင်းဆန် တစ်အိတ် ကျပ် ၈၀၀၀၀ မှ ကျပ် ၈၅၀၀၀ အတွင်းသာ ဈေးနှုန်းရှိသည်။ မိုးဆန်ကြမ်းသစ် တစ်အိတ်လျှင် ကျပ် ၄၁၀၀၀–၄၂၀၀၀၊ ဆန်ကြမ်းအဟောင်း သီးထပ် ကျပ် ၄၇၀၀၀၊ ရက် ၉၀ ရှယ် ကျပ် ၅၁၀၀၀၊ ပေါ်ကြွဲ တစ်အိတ် ကျပ် ၅၂၀၀၀–၅၃၀၀၀ နှုန်းရှိသည်။ ပေါ်ဆန်းအသစ် တစ်အိတ်ဈေးမှာ ဖျာပုံ ကျပ် ၆၂၀၀၀၊ ပုသိမ်/မြောင်းမြ ကျပ် ၆၄၀၀၀၊ ရွှေဘို ကျပ် ၇၀၀၀၀–၇၂၀၀၀၊ ပေါ်ဆန်းအဟောင်း တစ်အိတ်လျှင် ဖျာပုံ ကျပ် ၆၇၀၀၀–၆၈၀၀၀၊ ပုသိမ်–မြောင်းမြ ကျပ် ၆၉၀၀၀–၇၁၀၀၀၊ ရွှေဘို ကျပ် ၉၀၀၀၀–၉၈၀၀၀ နှုန်းရှိသည်။

## ပဲ

ဒီဇင်ဘာ၂၈ရက်တွင် မတ်ပဲ (FAQ/RC) တစ်တန် ကျပ် ၁၇၂၂၀၀၀၊ (SQ/RC) တစ်တန် ကျပ် ၁၉၂၂၀၀၀၊ ပဲစင်းငုံနီ (Red/RC) တစ်တန် ကျပ် ၁၇၅၂၅၀၀ ရှိသည်။ ပဲတီစိမ်းခရမ်းရွှေဝါ (ထိပ်စ) တစ်ပိဿာ ကျပ်၂၈၃၀–၃၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၄၀၅၀–၄၂၅၀ နှုန်းရှိသည်။

**အောင်ခင်နိုင်**

## RCEP က ဒေသတွင်း စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်ရန် အားဖြည့်ပေး

**ပေကျင်း ဒီဇင်ဘာ ၂၉**

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) တရားဝင် အကျိုးဝင်ခြင်း တစ်နှစ်ပြည့်တော့မည်ဖြစ်သည်။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေး အခြေအနေများ ရှုပ်ထွေးပြင်းထန်နေသော်လည်း RCEP သည် အကျိုးအမြတ်များကို ဆက်တိုက်ဖော်ဆောင်ပေးနေပြီး ဒေသတွင်း စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်ရန်နှင့် အဆင့်မြှင့်တင်ရန် အားဖြည့်ကူညီပေးလျက်ရှိသည်ဟု နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက ယူဆကြသည်။

ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် ကောင်းမွန်သောဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ထိန်းသိမ်းထားပြီး ခိုင်မာအားကောင်းသော ခံနိုင်ရည်ရှိမှုနှင့် ကြီးမားသောအလားအလာများကို ပြသနေကြောင်း၊ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ RCEP အဖွဲ့ဝင်နိုင်ငံ ၁၄ ခုသို့ တရုတ်နိုင်ငံ၏ ပို့ကုန်သွင်းကုန်ပမာဏသည် ယခင်နှစ်ကာလတူထက် ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

အာဆီယံသည် အကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ဆက်လက်ရပ်တည်နေပြီး တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှု စုစုပေါင်း၏ ၁၅ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ ဇန်နဝါရီလမှအောက်တိုဘာလအထိ အာဆီယံသို့ တရုတ်နိုင်ငံ၏ ပို့ကုန်သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၇၉၈ ဒသမ ၄ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူထက် ၁၃ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

ယင်းအနက် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၄၆၃ ဒသမ ၉ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူထက် ၂၀ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၃၃၄ ဒသမ ၅ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူထက် ၅ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားတို့သည် ထိပ်ဆုံးသုံးနေရာတွင် ရပ်တည်နေခဲ့သည်။ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် RCEP မိတ်ဖက်များသို့ တရုတ်နိုင်ငံ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၃ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူထက် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရှိရသည်။

# ရှေးဟောင်းမြို့တော်ကို ပြန်လည်ပြင်ဆင်ရန် မွန်ဂိုလီးယားသမ္မတ အမိန့်ထုတ်ပြန်

**အူလန်ဘာတာ ဒီဇင်ဘာ ၂၉**

မွန်ဂိုလီးယားသမ္မတ ယုခါနာ ခါရယ်ဆာ့သည် ခါခိုရမ်အဖြစ် လူသိများသည့် နိုင်ငံ၏ ရှေးဟောင်းမြို့တော် ခါခိုရင်ကို ပြန်လည်ပြင်ဆင်ရန် ဒီဇင်ဘာ ၂၉ ရက်တွင် အမိန့်ထုတ်ပြန်သည်။

ထိုသို့လုပ်ဆောင်ခြင်းသည် နိုင်ငံသားများ ကျန်းမာစွာနေထိုင်နိုင်ရန်၊ ပတ်ဝန်းကျင် ဘေးကင်းစေရန်၊ အခြေခံလူမှုရေးဝန်ဆောင်မှုများ တိုးတက်လာစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို မျှတမှုရှိစေရန်၊ အဖိုးတန်သမိုင်းဝင်များကို ပြန်လည်ထိန်းသိမ်းရန်နှင့် သမိုင်းအမွေအနှစ်များကို ဖန်တီးရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း အမိန့်ထုတ်ပြန်ထားသည်။

ခါခိုရင်မြို့သည် မွန်ဂိုလီးယားနိုင်ငံ၏ လက်ရှိမြို့တော်အူလန်ဘာတာ၏ အနောက်ဘက် ၃၀၀ ကီလိုမီတာကျော် အလယ်ပိုင်းအူဗာခန်ဂိုင်ပြည်နယ်ပိုင်နက်တွင် တည်ရှိသည်။ နိုင်ငံ၏လူဦးရေ ၃ ဒသမ ၄ သန်းအနက် ထက်ဝက်ကျော်နေထိုင်သည့် အူလန်ဘာတာသည် ယာဉ်ကြောပိတ်ဆို့မှု၊ လေထုညစ်ညမ်းမှုနှင့် အိမ်ရာပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဆင်ဟွာ



# တရုတ်နိုင်ငံမှ ၄၅၈ စင်းမြောက် ဂြိုဟ်တုလွှတ်တင်

**ရှီချန်း ဒီဇင်ဘာ ၂၉**

တရုတ်နိုင်ငံသည် အာကာသအတွင်း စမ်းသပ်ဂြိုဟ်တုသစ်တစ်ခုကို ထားရှိရန် လောင်းမတ်ချ်-၃ ဘီ သယ်ဆောင်သည့် ဒုံးပျံတစ်စင်းကို ဒီဇင်ဘာ ၂၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါဒုံးပျံကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း ရှီချန်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ပေကျင်းစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၃ မိနစ်တွင် လွှတ်တင်ခဲ့ပြီး ကြိုတင်သတ်မှတ်ထားသည့် ပတ်လမ်းထဲသို့ ရှီယန် - ၁၀ ၀၂ ဂြိုဟ်တုကို သယ်ဆောင်ခဲ့ကြောင်း သိရသည်။

ရှီယန်သည် တရုတ်နိုင်ငံတွင် စမ်းသပ်မှုဟု အဓိပ္ပာယ်ရသည်။ အသစ် လွှတ်တင်လိုက်သည့် ရှီယန်ဂြိုဟ်တုကို အာကာသပတ်ဝန်းကျင် စောင့်ကြည့်ခြင်းကဲ့သို့သော အာကာသနည်းပညာသစ်များကို ပတ်လမ်းကြောင်းအတွင်း ဆန်းစစ်ခြင်းအတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုသည် လောင်းမတ်ချ်စီးရီးဒုံးပျံကို အသုံးပြုသည့် ၄၅၈ ခုမြောက် ပျံသန်းရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ




ရှီယန်-၁၀ ၀၂ ဂြိုဟ်တုကို သယ်ဆောင်လာသည့် လောင်းမတ်ချ်-၃ ဘီ ဒုံးကျည်ကို တွေ့ရစဉ်။

# မော်လ်ဒိုက်၌ ကပ်ရောဂါမတိုင်မီက စီးပွားရေးအခြေအနေကဲ့သို့ ပြန်လည်ကောင်းမွန်လာပြီဟုဆို

**မာလီ ဒီဇင်ဘာ ၂၉**

မော်လ်ဒိုက်နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ အစိုးရ၏ ခိုင်မာသော စီးပွားရေးမူဝါဒနှင့် ပြန်လည်သက်သာရာရရေး အစီအမံများကြောင့် ကပ်ရောဂါမတိုင်မီက အခြေအနေမျိုးသို့ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း မော်လ်ဒိုက်သမ္မတ အီဘရာဟင် မိုဟာမက် ဆိုလစ် က ပြောသည်။

လူမှုစီးပွားတိုးတက်မှုအစီအစဉ်အတွက် သမ္မတရုံးတွင် ပြုလုပ်သည့် အခမ်းအနား၌ သမ္မတက ၎င်း၏အမြင်ကို ပြောကြားခဲ့ခြင်းဖြစ်သည်။ မော်လ်ဒိုက်နိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်အတွင်း ၁၂ ဒသမ ၃ ရာခိုင်နှုန်းတိုးလာမည်ဟု ခန့်မှန်းထားသည်။ လာမည့်နှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ရန် မျှော်မှန်းထားသည်။

ယခုနှစ်အတွင်း နိုင်ငံသို့ခရီးသွားဝင်ရောက်မှုမှာလည်း ကပ်ရောဂါမတိုင်မီက အခြေအနေမျိုးသို့ ပြန်ရောက်နေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။ ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာခြင်းကြောင့်လည်း စီးပွားရေးပြန်လည်ကောင်းမွန်လာခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ကပ်ရောဂါအလွန် စီးပွားရေးအလျင်အမြန်တိုးတက်လာသည့် နိုင်ငံ ၁၀ နိုင်ငံစာရင်းတွင် မော်လ်ဒိုက်နိုင်ငံလည်း တစ်နိုင်ငံအပါအဝင်ဖြစ်သည်ဟု သမ္မတရုံးမှ ဖော်ပြချက်တွင် ပါဝင်သည်။

ဆင်ဟွာ

# ကမ္ဘောဒီးယားနိုင်ငံ၌ ဟိုတယ်တစ်လုံးမီးလောင်၊ လူ ၁၉ ဦးထက်မနည်း သေဆုံး

**ဖနောင်ပင် ဒီဇင်ဘာ ၂၉**

ကမ္ဘောဒီးယားနိုင်ငံ ကာစီနိုဟိုတယ်တွင် မီးလောင်ခဲ့ရာ လူ ၁၉ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၅၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၈ ရက် ညပိုင်းက မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။ နိုင်ငံအနောက်မြောက်ပိုင်း ပွိုင်ပက်မြို့ရှိ ကာစီနိုအဆောက်အအုံတွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်ရာနေရာသို့ မီးသတ်သမားများ စေလွှတ်ခဲ့ပြီး ဒဏ်ရာရရှိသူများကို ကုသမှုပေးခဲ့သည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။

အချို့သော လူများမှာ အဆောက်အအုံအတွင်း ပိတ်မိနေခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေဆဲဖြစ်သည်။ ပွိုင်ပက်မြို့မှာ ကမ္ဘောဒီးယား-ထိုင်းနယ်စပ်တွင် ရှိပြီး နိုင်ငံခြားသားများအတွက် ကာစီနိုဝိုင်းများစွာရှိသည့် မြို့လည်းဖြစ်သည်။ မီးလောင်ရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်သည်။

မီးလောင်မှုမှာ ဒီဇင်ဘာ ၂၉ ရက် နံနက် ၇ နာရီအထိ လုံးဝငြိမ်းသွားခြင်း မရှိသေးချေ။ ထို့ကြောင့်ကယ်ဆယ်ရေးလုပ်ငန်းများလည်း ဆက်လက်လုပ်ဆောင်ခဲ့သည်။ ရဲဌာန၏ ပြောကြားချက်အရ ဟိုတယ်နှင့် ကာစီနိုဝန်ထမ်းပေါင်း ၄၀၀ နီးပါး လုပ်ကိုင်နေသည်ဟုလည်း သိရသည်။

အင်န်အိတ်ချ်ကေ



ဟိုတယ်မီးလောင်နေမှုကို တွေ့ရစဉ်။

# တောင်ကိုရီးယား၌ ဥမင်လိုဏ်ခေါင်းမီးလောင်မှု ငါးဦး သေဆုံးပြီး ၃၇ ဦး ဒဏ်ရာရ

**ဆိုးလ် ဒီဇင်ဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ဘက် ဂွာချွန်မြို့ အဝေးပြေးလမ်းရှိ ယာဉ်သွားယာဉ်လာများပြားသော ဥမင်လိုဏ်ခေါင်းအတွင်း မီးလောင်မှုဖြစ်ပွားရာ ငါးဦးထက်မနည်း သေဆုံးပြီး ၃၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက ဒီဇင်ဘာ ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

ဒေသစံတော်ချိန် ညနေ ၁ နာရီ ၄၉ မိနစ်တွင် ဘတ်စ်ကားနှင့် ထရပ်ကားတစ်စီး တိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်ခဲ့ခြင်းဖြစ်ပြီး ဥမင်လိုဏ်ခေါင်းတစ်လျှောက် မီးပျံ့နှံ့သွားခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပွားရာယာဉ်များပေါ်တွင် လူ ငါးဦး သေဆုံးနေသည်ကို တွေ့ရှိရသည်။ ဒဏ်ရာရရှိသူများထဲမှ သုံးဦးမှာ စိုးရိမ်ဖွယ်ရာအခြေအနေတွင် ရှိနေသည်။

မီးခိုးငွေ့များ ရှူရှိုက်မိသည့်နောက် ၃၄ ဦးမှာ အသေးစားဒဏ်ရာများ ရရှိခဲ့သည်။ မီးငြိမ်းသတ်ရန်အတွက် မီးသတ်ယာဉ် ၉၄ စီး၊ မီးသတ်ကိရိယာများနှင့် မီးသတ်သမား ၂၂၀ ကို မီးသတ်ဌာနမှ စေလွှတ်ခဲ့သည်။ ညနေ ၄ နာရီ ၁၂ မိနစ်တွင် မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့သည်။ မတော်တဆမှုဖြစ်ပွားရခြင်းအကြောင်းကို စုံစမ်းသွားရန် စီစဉ်ထားကြောင်း ရဲများနှင့် မီးသတ်အာဏာပိုင်များက ပြောသည်။

ဆင်ဟွာ

# စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

ဇလွန် ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းမတော်မြောက်ရပ်ကွက် စံပယ်(၃)လမ်းတွင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်သည် အရှည်ပေ ၉၈၀၊ အကျယ် ၁၀ ပေ၊ ထု ခြောက်လက်မ ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေမှ ကျပ် ၁၄၂ ဒသမ ၀၈ သိန်းဖြင့် တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်တစ်ဦးက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။



စံပယ်(၃) လမ်း ကွန်ကရစ်လမ်းသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှုစဉ်။

ယင်းလမ်းဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဖျားကျေးရွာအုပ်စု အဖျားလယ်ဦးကျေးရွာ၌ မြစ်မိန်းရောင်စီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် အရှည်ပေ ၃၂၀၀၊ အကျယ် ၁၀ ပေ၊ ထု ခြောက်လက်မ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

# မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး မြို့နယ်အဆင့် နည်းပြသင်တန်းများဖွင့်

**သီပေါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း အခြေခံမဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီမြို့နယ်အဆင့် နည်းပြသင်တန်းကို ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အခြေခံမဲဆန္ဒရှင်စာရင်းမှန်ကန်ရေးသည် လွန်စွာအရေးကြီးကြောင်း၊ ယခုနည်းပြသင်တန်းကို တက်ရောက်သူများသည် မြေပြင်တွင် လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နိုင်ရန် အဆင့်ဆင့်သင်တန်းပို့ချမည့် အဓိက တာဝန်ရှိသူများဖြစ်ကြောင်း အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများ စုစုပေါင်း ၃၁၂ ဦး တက်ရောက်ကြောင်း သိရသည်။

စိုင်း(သီပေါ)

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းမြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် မြေပြင်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်းက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးသည် အလွန်အရေးကြီးကြောင်း၊ စာရင်းဇယားတိကျမှန်ကန်ရေးကို အလေးထား ဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးဆန်းဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ မြေပြင်စာရင်းကောက်ယူရေးနှင့် ပတ်သက်သည့် ဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ဆွေးနွေးပို့ချသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၃ ဦး တက်ရောက်ပြီး စာရင်းကောက်ယူခြင်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သဲကုန်း**

သဲကုန်းမြို့၌ မှန်ကန်သောလူဦးရေစာရင်း ကောက်ယူနိုင်ရေးအတွက် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်မည့် စာရင်းကောက်အဖွဲ့ဝင်များအား သင်တန်းပို့ချပေးခြင်းကို ဒီဇင်ဘာ ၂၇ ရက်က ပြုလုပ်သည်။

သင်တန်းတွင် မြို့နယ် (Working Group) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးယဉ်ထွေးက အမှာစကား ပြောကြားပြီး မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးအောင်တိုးက သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသား သင်တန်းသူများသည် နည်းပြတို့ဖြင့် မြေပြင်ကွင်းဆင်းကောက်ယူရေး၊ ရပ်ကွက်/ကျေးရွာအလိုက် မြေပြင်တစ်အိမ် တက်/ဆင်းကောက်ယူရေးအတွက် စာရင်းကောက်လက်စွဲစာစောင်များ ရှင်းလင်းခြင်း၊ စာရင်းကောက်လက်စွဲစာစောင်နှင့် စာရင်းကောက်ကဏ္ဍဝင်များရှင်းလင်းခြင်း၊ မသန်စွမ်းငါးမျိုး ကောက်ယူခြင်းနှင့် ပတ်သက်၍ ရှင်းလင်းခြင်းနှင့် လက်တွေ့စာရင်းကောက်ယူခြင်းများကို ဆောင်ရွက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာ - ထိုင်းနှစ်နိုင်ငံနယ်စပ် စင်ခွန်ဂိတ်ကို နှစ်သစ်ကူးကာလ သုံးရက်ပိတ်မည်

**မော်တောင် ဒီဇင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မော်တောင်မြို့နှင့် ထိစပ်နေသော မြန်မာ - ထိုင်း နယ်စပ်ဂိတ်တစ်ခုဖြစ်သော စင်ခွန် နယ်စပ်ဂိတ်ကို နှစ်သစ်ကူး ပိတ်ရက်ကာလအဖြစ် သုံးရက်ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ဒေသခံ ကုန်သည်များထံမှ သိရသည်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော မော်တောင် - စင်ခွန်ဂိတ်တွင် ထိုင်း- မြန်မာ ကုန်သွယ်ရေး ဆောင်ရွက်နေမှုများကို ထိုင်းနိုင်ငံက နှစ်သစ်ကူး ပိတ်ရက်ကာလအဖြစ် သတ်မှတ်ထားသည့်အတွက် ဒီဇင်ဘာ ၃၀၊ ၃၁ နှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် အထိ စုစုပေါင်းသုံးရက်တာကာလအတွင်း နှစ်နိုင်ငံကုန်သွယ်ရေး လုပ်ငန်းများကို ခေတ္တရပ်ဆိုင်း၍ အများပြည်သူနားရက်အဖြစ် ပရကျွပ်ခီရီခန်ခရိုင် ခရိုင်ဝန်ရုံးမှ ဒီဇင်ဘာ ၂၀ ရက်က အတည်ပြုထုတ်ပြန်ချက်အရ သိရသည်။



စင်ခွန် - မော်တောင်နယ်စပ်ဂိတ်သည် ထိုင်းနှင့် မြန်မာအကြားတွင် ကုန်သွယ်ရေးလုပ်ငန်းများအတွက် ပိုမိုအချက်အချာကျလာသော ကုန်သွယ်မှုတန်ဖိုးများ ပိုမိုမြင့်မားလာသော ဂိတ်သစ်တစ်ခုဖြစ်ကာ မြိတ်ခရိုင်အတွက် ရေထွက်ပစ္စည်းများကို အရှေ့ဘက်တံခါးပေါက်တစ်ခုအဖြစ် အားထားကာ တင်ပို့နေရသော နယ်စပ်ဂိတ်တစ်ခုလည်း ဖြစ်သည်။

မြင့်ဦး(မြိတ်)

# မတ္တရာမြို့နယ်၌ ၃၈ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကျင်းပ

**မတ္တရာ ဒီဇင်ဘာ ၂၉**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)ဗဟိုက ကြီးမှူးပြီး ၃၈ ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကို ဒီဇင်ဘာ ၂၇ ရက်က မတ္တရာမြို့နယ် အ.ထ.က(မတ္တရာ)၌ ကျင်းပသည်။

အဆိုပါ ၃၈ ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ပထမအဆင့်တွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၈၄ ဦးနှင့် ဒုတိယအဆင့်တွင် ကျောင်းသား ကျောင်းသူ ၁၇၆ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စာမေးပွဲဖြေဆိုသည့် ကျောင်းသား ကျောင်းသူများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြကာ စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

# အမ်းမြို့နယ် တောင်စောက်ကျေးရွာ၌ စာသင်ကျောင်းဆောင်သစ်ဖွင့်လှစ်

**အမ်း ဒီဇင်ဘာ ၂၉**

ရခိုင်ပြည်နယ် အမ်းမြို့နယ် တောင်စောက်ကျေးရွာ၌ စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က အဆိုပါကျေးရွာ စာသင်ကျောင်းဝင်းအတွင်းကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်၊ ခရိုင်ကျေးလက်ဦးစီးဌာန ဦးခင်မောင်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး)၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးညီညီ(လက်ထောက်ညွှန်ကြားရေးမှူး)၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးလက်ဦးစီးဌာန ရုံးဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အဆိုပါစာသင်ကျောင်းဆောင်သစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးမင်းဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီး စာသင်ကျောင်းဆောင်သစ်ကို မြို့နယ်ကျေးလက်ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူ့ထည့်ဝင်ငွေ ၂၄ သိန်းတို့ဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)

# ရွှေတောင်မြို့၌ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး သင်တန်းဖွင့်

**ရွှေတောင် ဒီဇင်ဘာ ၂၉**

ရွှေတောင်မြို့နယ်အတွင်း မြေပြင်လူဦးရေစာရင်းအမှန်ရရှိရေးအတွက် ရပ်ကွက်/ ကျေးရွာအုပ်စု မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့များအား မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းနှင့်ပတ်သက်သည့် သင်တန်းကို ယနေ့နံနက်ပိုင်းက ရွှေတောင်မြို့နယ် ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးနိုင်စိုးက အမှာစကား ပြောကြားပြီး မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသန်းထူးက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေတောင်မြို့နယ်အတွင်း ရပ်ကွက် / ကျေးရွာအုပ်စုအလိုက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလက်စွဲစာစောင်အား အသေးစိတ်ရှင်းလင်းခြင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကောက်ယူရမည့်အချက်အလက်များအား သင်တန်းနည်းပြ ဆရာ ဆရာမများက သင်တန်းပို့ချပြီး တက်ရောက်လာသော သင်တန်းသား သင်တန်းသူ ၁၉၇ ဦးက အဖွဲ့လိုက် လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ကိုကိုမင်း(ပြန် / ဆက်)

# လူငယ်နှင့် စာပေအနုပညာ

ရဿဝတီမေနန်း

**ယနေ့လူငယ်များသည် အနာဂတ်တိုင်းပြည်၏ မျိုးဆက်သစ်ကလေးများဖြစ်ရာ အမိနိုင်ငံတော်အတွက် အရေးပါလှသော အဖိုးတန် လူ့အရင်းအမြစ်ကလေးများပင် ဖြစ်ပါသည်။ မိမိတို့နိုင်ငံတော် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာစေရန် လူငယ်များသည် အဓိကအားဖြင့် စာပေတွင် မွေ့လျော်သင့်ပါသည်။**

"စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုသည့်စကားအတိုင်း လူငယ်ကလေးများသည် စာအုပ်စာပေကို ချစ်မြတ်နိုးစွာ ဖတ်ရှုလေ့လာသင့်ပေသည်။ စာအုပ်စာပေများထဲမှ အကျိုးရှိသော အနှစ်သာရများကို ကောက်နုတ်မှတ်သားပြီး မိမိအတွက်၊ တိုင်းပြည်အတွက် အသုံးချသင့်ပေသည်။ ယနေ့ခေတ်သည် IT နည်းပညာ ထွန်းကားသောခေတ်ဖြစ်သည်နှင့်အညီ လက်ကိုင်ဖုန်းနှင့်သော်လည်းကောင်း၊ ကွန်ပျူတာဖြင့်လည်းကောင်း မိမိတို့ သိလိုသော အကြောင်းအရာများကို E-book ဖြင့် လေ့လာဖတ်ရှုသင်ယူနိုင်ပေသည်။ စာအုပ်စာပေမှ လူငယ်တို့ တိုးတက်ရေးနည်းလမ်းကောင်းများ၊ အတွေးအမြင်သစ်များ ရရှိလာမည်ဖြစ်ပေသည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသည့်စကားနှင့်အညီ အမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်သောလူကြီးများ ပေါ်ထွန်းလာရေးသည် ငယ်စဉ် အခြေခံကျောင်းသားဘဝကပင် စတင်ရပေမည်။ ကျောင်းချိန်သည် ပုံမှန်အားဖြင့် ငါးရက်တစ်ပတ်လျှင် တစ်ချိန်အတွက် ၄၅ မိနစ်ဖြင့် စာသင်ချိန်စုစုပေါင်း ၃၅ ချိန် ရှိရပေသည်။ ထိုအချိန်များအနက် ကာယပညာချိန်၊ ဖွံ့ဖြိုးရေးချိန်၊ စာကြည့်တိုက်ချိန်နှင့် (ရသ) ချိန် နှစ်ချိန်ဟူ၍ ထားရှိသင့်ကြောင်း အကြံပြုတင်ပြလိုပါသည်။




စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲကို ဒီဇင်ဘာ ၂၆ မှ ၂၉ ရက်အထိ နေပြည်တော်၌ ကျင်းပစဉ်။

- **စာပေခန်း၌ ကျောင်းသားကလေးများအား စာရေးနည်း၊ ကဗျာစပ်နည်း၊ ဝတ္ထု၊ ဆောင်းပါးရေးနည်းများကို သင်ကြားပေးပြီး ကျောင်းတွင်း စာပေပြိုင်ပွဲများ ကျင်းပပေးသင့်ပါသည်။ အပြောစွမ်းရည် တိုးတက်အောင် ကျပန်းစကားပြိုင်ပွဲ၊ စကားရည်လုပွဲများကိုလည်း အလျဉ်းသင့်သလို ကျင်းပပေးရပေမည်။**
- **ကလေးလူငယ် စာပေပွဲတော်များကိုလည်း ကျောင်းသား ကျောင်းသူများအား သွားရောက်ပြသလေ့လာစေရပါမည်။ ၎င်းပွဲကြီးများ၌ ရေးသားထားသောစာပေ၊ ဗဟုသုတများကို ဖတ်မှတ်လေ့လာစေခြင်းဖြင့် အသိပညာ၊ အတတ်ပညာများ တိုးပွားလာပေမည်။**

## "ရသ" စာသင်ချိန်

လူငယ်စာပေနှင့်ပတ်သက်၍ "ရသ" စာသင်ချိန်ကို အဓိကထားပြီး တင်ပြလိုပါသည်။ ရသဘာသာတွင် စာပေ၊ ဂီတ၊ ပန်းချီ၊ အိမ်တွင်းမှု၊ စက်မှုဘာသာဟူ၍ ခွဲခြားထားပါသည်။ ဆရာအတတ်သင်ကောလိပ် (TTC) များတွင် အခန်းများ သီးသန့်ဖွဲ့ထားနိုင်သော်လည်း ကျောင်းများတွင် ယင်းသို့ သီးသန့်ခန်း မရှိနိုင်။ သို့ဖြစ်၍ ၎င်းအချိန်မျိုးတွင် တစ်ကျောင်းလုံးလှုပ်ရှားရသည်ဖြစ်၍ ကျောင်းသားအနည်းအများပေါ်မူတည်ပြီး စာပေခန်း၊ ပန်းချီခန်း၊ ဂီတခန်း စသည်ဖြင့် အခန်းများခွဲ၍ သင်ကြားစေနိုင်သည်။

စာပေခန်းကို အထူးပြင်ဆင်စရာမလို။ စာကြည့်တိုက်ခန်း၌ သင်ကြားနိုင်သည်။ ကျောင်းသားလူငယ်လေးများအား စာစီစာကုံး၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး စသည်တို့ကို ရေးသားနည်းများ မသင်ကြားမီ စာကြည့်တိုက်အတွင်းရှိ မိမိဝါသနာပါရာ စာအုပ်တစ်အုပ်စီကို ရှာဖွေဖတ်ရှုစေရပါမည်။ ဖတ်ပြီးလျှင် စာကြည့်ခန်း အတွင်း၌ဖြစ်စေ၊ အိမ်စာဖြစ်စေ "မိမိ ဖတ်ထားသော စာအုပ်မှရရှိသော ဗဟုသုတနှင့် သင်ခန်းစာ" ဟု ခေါင်းစဉ်ပေးပြီး စီကုံးရေးခိုင်းပါက ကလေးများစာဖတ်လိုစိတ်နှင့် စာဖတ်စွမ်းရည်၊ အရေးစွမ်းရည်များ တိုးတက်လာပေမည်။ ကျောင်းသားလူငယ်၊ လူကြီးမရွေး စာဖတ်ခြင်းသည် ဗဟုသုတရရှိသည့်အပြင် အတွေးအခေါ် ကောင်းမွန်လာခြင်း၊ ဦးနှောက်ဆဲလ်စွမ်းရည် ရှင်သန်လာခြင်းများ ဖြစ်ပေါ်စေပါသည်။ စာဖတ်သူသည် စာမဖတ်သူထက် အတွေးအခေါ် မြင့်မားပါသည်။ သို့ပါ၍ စာပေခန်း၌ ကျောင်းသားကလေးများအား စာရေးနည်း၊ ကဗျာစပ်နည်း၊ ဝတ္ထု၊ ဆောင်းပါးရေးနည်းများကို သင်ကြားပေးပြီး ကျောင်းတွင်း စာပေပြိုင်ပွဲများ ကျင်းပပေးသင့်ပါသည်။ အပြောစွမ်းရည်တိုးတက်အောင် ကျပန်းစကားပြိုင်ပွဲ၊ စကားရည်လုပွဲများကိုလည်း အလျဉ်းသင့်သလို ကျင်းပပေးရပေမည်။



လူငယ်နှင့်စာပေအနုပညာပြပွဲတွင် စာအုပ်များကို ရွေးချယ်ဖတ်ရှုနေသောလူငယ်များ။

## ကလေးလူငယ် စာပေပွဲတော်များ

နိုင်ငံတော်က ကြီးမှူးကျင်းပသော ကလေးလူငယ် စာပေပွဲတော်များကိုလည်း ကျောင်းသားကျောင်းသူများအား သွားရောက်ပြသလေ့လာစေရပါမည်။ ၎င်းပွဲကြီးများ၌ ရေးသားထားသော စာပေ၊ ဗဟုသုတများကို ဖတ်မှတ်လေ့လာစေခြင်းဖြင့် အသိပညာ၊ အတတ်ပညာများ တိုးပွားလာပေမည်။ ကျောင်းတွင် ရသပန်းချီပညာသည်လည်း မရှိမဖြစ်လိုအပ်ပေသည်။ ပန်းချီချိန်တွင် ကလေးများအား ပန်းချီဆွဲသားနည်း အဆင့်ဆင့်ဖြစ်သော မျဉ်းဖြောင့်၊ မျဉ်းကွေး၊ မျဉ်းကောက်မှ အစပြု၍ ပန်းချီအခြေခံဆွဲသားနည်းကို ခဲတံဖြင့် စတင်ရေးဆွဲစေရပေမည်။ ပြီးလျှင် ရောင်စုံခဲတံဖြင့် ဆွဲစေခြင်း၊ ဖယောင်းရောင်စုံဖြင့် ဆွဲသားစေခြင်း ပြုလုပ်ရပေမည်။ နောက်ဆုံးအဆင့်အနေနှင့် ရေဆေးပန်းချီ (water colour)ဖြင့် ရေးဆွဲနည်းကို အဆင့်ဆင့် သင်ကြားရပေမည်။ ကျောင်းသားလူငယ်များအား ပန်းချီပြိုင်ပွဲများကို ကျင်းပပေးရပေမည်။ သို့မှသာ ပန်းချီလက်ရာ တက်လာပေမည်။ ကျောင်းအဆင့်ပြိုင်ပွဲမှ တစ်ဆင့် မြို့နယ်အဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများကျင်းပပေးခြင်းဖြင့် ထူးချွန်သော လူငယ်ပန်းချီဆရာလေးများ ဖြစ်လာပေမည်။

## ကျောင်းတွင်းနံရံကပ်စာစောင်

ဆရာဆရာမများဦးဆောင်၍ ကျောင်းတွင်း စာပေသင်တန်းသားများနှင့် ပန်းချီသင်တန်းသားများ ပူးပေါင်းကာ ကျောင်းတွင်းနံရံကပ်စာစောင်ဖြစ်လာစေရန် ဖန်တီးပေးကြရပေမည်။ ယခုခေတ်တွင် IT နည်းပညာများ ထွန်းကားနေသော်လည်း ကျောင်းတွင်း နံရံကပ်စာစောင်ကိုမူ ကျောင်းသားလူငယ်လေးများ၏ လက်ရာစစ်စစ်ဖြင့် ဖန်တီးစေသင့်သည်။ လူငယ်စာပေပွဲတော်သို့ သွားဖူးသူကလေးများက ၎င်းနေရာ၌ အရေးအသား တစ်ပန်းသာနေသည်ကို တွေ့ရပေမည်။ ပန်းချီဆွဲမည့် ကလေးများကို ဆရာက လမ်းညွှန်၍ စာမူနှင့်ပတ်သက်သော ရုပ်ပုံပန်းချီပုံအသေးကို ရေးဆွဲစေရပါမည်။ တစ်ခါတစ်ရံ စာရွက်ကြီးပေါ်တွင် ချဆွဲမခိုင်းဘဲ သူတို့ဆွဲထားသောပုံကို ဖြတ်ညှပ်ကပ်ခိုင်းရပေမည်။ မကပ်မီကတည်းက ဆရာများက စာမူ၏ စာလုံးပေါင်းသတ်ပုံများကို သေချာစွာ စစ်ဆေးပြင်ဆင်ရပေမည်။ ကျောင်းတွင်းစာပေအဖွဲ့နှင့် ပန်းချီအဖွဲ့တို့ ပူးပေါင်းတင်ဆက်သည့် နံရံကပ်စာစောင်ရေးဆွဲပြီးဖြစ်ပါ၍ ကျောင်းအုပ်ကြီးက ဦးဆောင်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။ ကျောင်းသားများ၏ လက်နှင့်ရေးဆွဲ အားထုတ်ထားသော နံရံကပ်စာစောင်ဖြစ်၍ သူငယ်ချင်းများ အားပေးရာမှ စာရေးသူတို့ ရင်ဝယ်ပီတိဖြစ်ကြရပေသည်။ နံရံကပ်စာစောင်မှ အစပြု၍စာရေးလိုသောစိတ်များ တဖွားဖွားပေါ်ပေါက်လာပေပြီ။ ၎င်းကလေးများ၏ စာပေချစ်မြတ်နိုးသည့်စိတ်ကို နှိုးဆွပေးလိုက်ခြင်းပင်ဖြစ်ပေသည်။

မူရင်းလက်ရေးဖြင့် ရေးသောစာမူဖြစ်သော်လည်း ပန်းချီရောင်စုံနှင့် မွမ်းမံလိုက်သောအခါ လှပသောနံရံကပ်စာစောင်ဖြစ်ခဲ့ရပေကာ စာမူ၏ မူရင်းကို နံရံကပ်ဖော်ပြခွင့်ရသဖြင့် ဝမ်းသာကြည်နူးမဆုံးဖြစ်ခဲ့ရသည်။ စာမူရှင်ကျောင်းသားလေး၏ သူငယ်ချင်းများကလည်း အားကျအတုယူပြီး စာပေလိုက်စားလာနိုင်ပါသည်။ ရှေးရိုးနည်းဖြစ်သော်လည်း ကလေးများအား ၎င်းနည်းလမ်းဖြင့် ဆွဲဆောင်ခြင်းသည် စာပေဖွံ့ဖြိုးလာရေး နည်းလမ်းကောင်းတစ်ရပ်ပင်ဖြစ်ပေသည်။ ကျောင်းနံရံကပ်စာစောင်ကို သန္ဓေတည်၍ မျိုးဆက်သစ်လူငယ် စာရေးဆရာများ ထွန်းကားလာနိုင်ပေသည်။

## စာဖတ်ရန် ဆွေးနွေးဟောပြော

ကျောင်းတွင် စာဖတ်ချိန်ကို စာကြည့်ခန်းသွားချိန်သာမကပဲ နံနက် ကျောင်းမတက်မီ ၄၅ မိနစ်နှင့် နေ့လယ်ထမင်းစားချိန်ကိုပါ စာကြည့်တိုက်တာဝန်ကျ Duty ဆရာ ဆရာမများအား ခွဲဝေစောင့်ကြပ်စေပြီး ဖွင့်ပေးသင့်ပါသည်။ ကလေးများအား

*စာမျက်နှာ ၂၁ သို့*

# ထားဝယ်ပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်းပြုလုပ်

**ထားဝယ် ဒီဇင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ထားဝယ် ပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက်က ထားဝယ်မြို့ ထားဝယ်ပညာရေး ဒီဂရီကောလိပ် တိက္ခပညာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ကြီး ဒေါ်နီနီသန်းနှင့် ဆရာ ဆရာမများ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ကြင်ကြင်သန်းနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက လူငယ်များ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိစေရန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊ အတွေးအခေါ်များ မှန်ကန်စေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းသည်။

ထို့နောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်တင့်က ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်ပြီး လူငယ်နှင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အမျိုးသမီးကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးကာ ထားဝယ်ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်များ ယုံကြည်မှုရရှိရန် ပြင်ဆင်ထားရမည့်အကြောင်း၊ လူငယ်နှင့် အားကစားအမြင် စသည့်ခေါင်းစဉ်များဖြင့် စကားဝိုင်းဖွဲ့၍ ဆွေးနွေး ခဲ့ကြကာ ပါဝင်ဆွေးနွေးသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဦးစီးမှူးက အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယခုအခါ Level-2 Semi Final ပွဲစဉ်(၁၇)တွင် ပြိုင်ပွဲဝင်(၆)ဦးတို့မှ ပြဋ္ဌာန်းတစ်ပုဒ်၊ စိတ်ကြိုက်တစ်ပုဒ် သီဆိုယှဉ်ပြိုင်မှုမှ ပရိသတ် Voting (၇၀%)နှင့် ဒိုင်အကဲဖြတ်အမှတ် (၃၀%) ရမှတ်များဖြင့် ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၃)ဦးဖြင့် ပြုလုပ်မည့် Grand Final ပွဲစဉ်(၁၈)အတွက် အောက်ပါ တေးသီချင်းများကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည် -

| စဉ် | သီချင်းအမည် | တိုင်း / ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁။ | ဆေးရောင်ခြယ်ပါ | ရန်ကုန်တိုင်းဒေသကြီး | (၃၀-၁၂-၂၀၂၂)ရက်နေ့ Grand Final ပွဲစဉ်(၁၈) Result Show |
| ၂။ | ရေခပ်ဆင်းချိန် | ရန်ကုန်တိုင်းဒေသကြီး | |
| ၃။ | ပြည်ထောင်စုကြီးတို့ရဲ့မြန်မာ | နေပြည်တော် | |
| ၄။ | ပန်းပိတောက်တို့ကြွေရာမြေ | နေပြည်တော် | |
| ၅။ | မဟာ | ဧရာဝတီတိုင်းဒေသကြီး | |
| ၆။ | ချစ်မိုးကြီး | ဧရာဝတီတိုင်းဒေသကြီး | |
| ၇။ | စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် | Group Song | |
| ၈။ | အားလုံးထက်ပိုချစ်မယ် | ပြင်ပအဆိုရှင် | |
| ၉။ | ဒီကောင်မလေးအတွက် | ။ | |
| ၁၀။ | မင်းလေးသိဖို့ | ။ | |
| ၁၁။ | ဘယ်တော့များမှ အဆုံးမရှိ | ။ | |
| ၁၂။ | မောင်ပေါက်ကျိုင်းလိုလူစား | ။ | |
| ၁၃။ | ဂျိမ်းဖော | ။ | |
| ၁၄။ | အဆင်ပြေပါစေ | ။ | |
| ၁၅။ | ကော်ဖီပူလေးသောက်လိုက်ပါဦး | ။ | |
| ၁၆။ | မိုးစက်တင်လေ | ။ | |
| ၁၇။ | လွတ်လပ်ရေးတေးသံ | ။ | |
| ၁၈။ | လိုနေတာမင်းအချစ် | ဌာနအဆိုရှင် | |
| ၁၉။ | မျှော်လင့်နေတုန်း ပျို့ဖုန်းလှမ်းခဲ့ပါ | ။ | |
| ၂၀။ | ရှင်ဘုရင်လေး | ။ | |
| ၂၁။ | ကိုယ်တိုင်ရေးပုံတူ | ။ | |

# စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပ



**ပဲခူး ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)တွင် တိုင်းဒေသကြီးအဆင့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများကို ဒီဇင်ဘာ ၂၇ ရက်က ပဲခူးမြို့ အ.ထ.က (၁) သီရိပညာခန်းမ၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် မိုးသို့လွင့်ပျံ လွတ်လပ်ရေးရဲ့အသံ ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ၁၄ ဦး၊ ကဗျာရွတ်ပြိုင်ပွဲတွင် လွတ်လပ်ရေးအမွေထိန်းစို့လေ ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ၁၃ ဦးနှင့် ဆောင်းပါးပြိုင်ပွဲတွင် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် လွတ်လပ်ရေး ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ပညာရေးစုံညီပွဲတော်တွင် ဆုများချီးမြှင့်ပေးမည်ဖြစ် ကြောင်း သိရသည်။

**ကိုတွတ် (ပြန်/ဆက်)**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ မောင်မယ်သစ်လွင် ကြိုဆိုပွဲကျင်းပ

**သန်လျင် ဒီဇင်ဘာ ၂၉**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို သန်လျင်မြို့ရှိ ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး သိပ္ပံဘာသာရပ်များကိုယ်စား ဓာတုဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာမျိုးမျိုးမြတ်၊ ဝိဇ္ဇာဘာသာရပ်များကိုယ်စား နိုင်ငံတကာဆက်ဆံရေးပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာမင်းသောင်နှင့် သင်တန်းရေးရာဌာနများနှင့်စပ်လျဉ်း၍ မော်ကွန်းထိန်း ဒေါ်ခိုင်သီတာတင်တို့က မိတ်ဆက်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ထိန်းသိမ်းရေးအထိမ်းအမှတ် စာစီစာကုံး၊ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ပထမနှစ် ကျောင်းသား ကျောင်းသူ ၆၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

*စာမျက်နှာ ၂၀ မှ*

စည်းကမ်းရှိစွာ စာဖတ်ကြရန်နှင့် ကျောင်းစာကြည့်တိုက်အတွင်း အစာမစားရန်၊ စကားတိုးတိုးပြောရန် ဆိုင်းဘုတ်ကလေးများ ချိတ်ဆွဲထားရပေမည်။ " စာဖတ်ခြင်းသည် မိမိအတွက်သာမက တိုင်းပြည်တိုးတက်ဖို့ အခြေခံဖြစ်ကြောင်း"၊ "နိုင်ငံရပ်ခြားတွင်ကလေးများ၊ လူငယ်၊ လူကြီးများပါမကျန် စာဖတ်ကြသဖြင့် တိုင်းပြည်တိုးတက်ကြောင်း" ကို ဆရာ ဆရာမများက ကျောင်းသားများအား ဆွေးနွေးဟောပြောထားရပေမည်။ သူတို့နိုင်ငံတွင် ထိုင်မနေဘဲ အားလျှင် စာဖတ်ကြောင်း၊ ရထားစောင့်လျက်သော်လည်းကောင်း၊ ဘတ်စ်ကားစီးရင်းသော်လည်းကောင်း၊ လူတိုင်း၏ လက်ထဲ၌ စာအုပ်ကိုယ်စီဖတ်၍ နေကြကြောင်း။

ဤအခြင်းအရာကြောင့် သူတို့နိုင်ငံ တိုးတက်ကြောင်း၊ စာဖတ်ခြင်းဖြင့် ဗဟုသုတရသည့်အပြင် အဆိုးအကောင်း၊ အကျိုးအကြောင်း စုံလင်စွာသိရှိ၍ ရှောင်သင့် ဆောင်သင့်သည်များကို ရှောင်နိုင်ဆောင်နိုင်ကြောင်း ဆရာများက မိမိတို့၏တပည့်များကို နားလည်အောင် ရှင်းလင်းပြသထားရပေမည်။

### အခြားရသပညာများ

ကျောင်းသားလူငယ်များအား စာပေနှင့်ပန်းချီတို့တွင် စိတ်အာရုံကို နှစ်မြှုပ်စေခြင်းသည် အာရုံကို အခြားတစ်ပါးမသွားစေဘဲ စိတ်အာရုံလွင့်ပျံခြင်း အလျဉ်းမရှိ။ စိတ်ကြည်နူးမှု ရရှိစေသည်။ ကျောင်းတွင်း နံရံကပ်စာစောင်ကိုလည်း တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ်ခန့် ပြုလုပ်ပေးသင့်သည်။ တစ်ဖန် အခြားရသပညာများဖြစ်သော ဂီတ၊ အိမ်တွင်းမှု၊ စက်မှုပညာတို့တွင်လည်း (ဆို၊ က၊ ရေး၊ တီး) ပညာနှင့် (အချုပ်အလုပ်ချက်ပြုတ် ဇာထိုးပန်းထိုးပညာ) တို့ကိုလည်းကောင်း၊ စက်မှု၊ လက်မှုပညာတို့ကိုလည်းကောင်း၊ လျှပ်စစ်သွယ်တန်းနည်းနှင့် IT နည်းပညာဖြင့် ကွန်ပျူတာအသုံးပြုပုံများကို ကျောင်းများတွင် ပညာစုံ၊ ရသစုံ သင်ကြားပေးရပေမည်။ သို့မှသာ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်မည့် အခြေခံပညာများကို ရရှိသွားမည် ဖြစ်ပေသည်။

ယခုကဲ့သို့ "လူငယ် စာပေ အနုပညာပြပွဲ" ၌ ကျောင်းသား ကျောင်းသူများ သင်ကြားထားသော ရသပညာများကို အစွမ်းကုန်၊ ပညာကုန် ထုတ်သုံးနိုင်ပြီ ဖြစ်သည်။ ဥပမာအားဖြင့် - လူငယ်စာပေဖွင့်ပွဲအခမ်းအနားတွင် (၁) ကျောင်းပေါင်းစုံ အတီး၊ အမှုတ်၊ အက၊ အခုန်ဖြင့် အလှည့်ကျ ကြိုဆိုတီးမှုတ်ဧည့်ခံကပြခြင်း၊ (၂) ကျောင်းသားလူငယ်လေးများ၏ လက်ရာဖြစ်သော နံရံကပ်စာစောင်များ၊ ပန်းချီကားများ ချိတ်ဆွဲပြသထားခြင်း၊ (၃) ကျောင်းပေါင်းစုံ ကျောင်းသူလေးများ၏လက်ရာ ဇာထိုးပန်းထိုး လက်ကိုင်ပဝါ၊ မီးဖိုချောင်သုံး ရင်ပတ်ကာ အဝတ်၊ ခေါင်းအုံးစွပ်များ၊ ချည်ထည်လက်သုတ်ပဝါ ပန်းထိုးလေးများကိုလည်းကောင်း ကျောင်းအိမ်တွင်းမှုအဖွဲ့က ရောင်းချခြင်းဖြင့် ကျောင်းရန်ပုံငွေ ရှာနိုင်ပေသည်။ ထို့ပြင် ကျောင်းပေါင်းစုံ အစားအစာရောင်းချပွဲကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချစေပါက ကျောင်းရန်ပုံငွေလည်းရ၊ နိုင်ငံတော်အစိုးရကလည်း ကျွေးမွေးဧည့်ခံကုန်ကျစရိတ် သက်သာပေမည်။ ထို့ကြောင့် လူငယ်စာပေပွဲတော်သည် လူငယ်များ တစ်ဦးနှင့်တစ်ဦး၊ ကျောင်းပေါင်းစုံ ကျောင်းသားများလည်း တွေ့ဆုံခွင့်၊ ချစ်ကြည်ရင်းနှီးခွင့်ရသည့်ပွဲလည်း ဖြစ်ပေသည်။ ဤကဲ့သို့ လူငယ်စာပေပွဲတော်ကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့် လူငယ်များအတွက် စာပေဗဟုသုတများ တိုးပွားနိုင်သည့်အပြင် အနာဂတ်နိုင်ငံတော်ကြီးအတွက် စာပေလမ်းစများ ပွင့်လန်းလာပြီဖြစ်၍ အမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်တော့မည်မှာ မလွဲကေန်ပင်ဖြစ်ပေတော့သည်။ လူငယ်မောင်မယ်လေးများ စာပေဗဟုသုတ၊ စာပေအသိ၊ စာပေချစ်မြတ်နိုးစိတ်များ တိုးပွားနိုင်ကြပါစေကြောင်း ဤဆောင်းပါးဖြင့် တင်ပြလိုက်ရပေသည်။ ။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် -၃၀၅

ဒေါ်ချိုသဲခိုင် နှင့် ၁။ ဦးမောင်မောင်ခင် ၆။ ဦးစိန်ဝင်း
၂။ ဦးဝင်း(ခ)ဦးမောင်ဝင်း ၇။ ဒေါ်မူမူဆွေ
၃။ ဦးမင်းလှိုင်ဦး(ခ)အတာ ၈။ မဂွမ်းပုံ
၄။ ဦးခင်မောင်ဝင်း(ခ) ပေါက်စ ၉။ ဒေါ်တင်တင်အေး
၅။ မလှသက်ဝေ(ခ)မဝေ ၁၀။ မစန္ဒာမိုး

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်-၆၀၇(က)နေ (၅) တရားပြိုင် မလှသက်ဝေ(ခ)မဝေ၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်-၆၂၈(က)န (၆) တရားပြိုင် ဦးစိန်ဝင်းနှင့် (၇) တရားပြိုင် ဒေါ်မူမူဆွေ၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်-၆၂၈(ခ)နေ (၈) တရားပြိုင် မဂွမ်းပုံ၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်-၆၂၆(ခ)နေ (၉) တရားပြိုင် ဒေါ်တင်တင်အေးနှင့် ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်-၅၉၃နေ (၁၀)တရားပြိုင် မစန္ဒာမိုး (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက တရားလို၏ဂုဏ်သိက္ခာ၊ အသက်အန္တရာယ်လုံခြုံရေးနှင့် နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ လွတ်လပ်စွာရပ်တည်နေထိုင်ပိုင်ခွင့်ကို တရားပြိုင်များက ထိခိုက်အောင် ပြုလုပ်ခံရမှုအပေါ် နစ်နာကြေးကျပ်သိန်း (၅၀၀)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက် (၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

**(ချစ်ကိုကို)**
**ခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃ I)၊ မြေကွက်အမှတ် (V ၁၃)၊ အကျယ်အဝန်း (၂၅'x $\frac{၅၀'}{၅၀'၃"}$ ) ဧရိယာ ၀ ဒသမ ၀၃၁ဧကရှိ မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်-၁၁၇၊ ငုဝါလမ်း၊ ဌာနရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်ဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အိအိချော ၁၂/မဘန(နိုင်)၀၁၁၂၅၉က ပိုင်ဆိုင်ပြီး ၎င်းထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် စရန်ငွေတချို့တဝက်ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၀၁)**
**တိုက် (၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်75W/98701, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူအောင် ၁၄/အဂပ(နိုင်)၂၄၉၀၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/39733, Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဟွမ်နွန်း ၁၃/တခလ(နိုင်)၀၃၃၁၆၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တာချီလိတ်)**

## ဇနီးမယားအဖြစ်မှ မသက်ဆိုင်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ် (၄)ရပ်ကွက်၊ လေယာဉ်ကွင်းလမ်း၊ အိမ်အမှတ် (၁၅၈)နေ ကျွန်တော် စိုင်းဝိလွန်း ၁၃/ကတန(နိုင်)၁၅၂၃၄၉မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

